မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၄၇ ]** ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက် ( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် ) } **သောကြာနေ့ [ အတွဲ ၆၇**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

**ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့**
**ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား တတိယအဆင့် အရှိန်မြှင့်တင်ဆောင်ရွက်ရာ၌ လက်ရှိဆောင်ရွက်လျက်ရှိသော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဖြေလျှော့သင့်သည်များကို ဖြေလျှော့ခြင်း၊ အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သော်လည်း နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ရင်ပေါင်တန်း၍ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ စီးပွားရေး<br>ပူးပေါင်းညှိနှိုင်းရေးဆပ်ကော်မတီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဦးဇော်ဦး<br>နိုင်ငံတော်သမ္မတအကြံပေးပုဂ္ဂိုလ် | ဒုတိယဥက္ကဋ္ဌ |
| (င) | ဥက္ကဋ္ဌ<br>လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီ | အဖွဲ့ဝင် |

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ

(ဇ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီ

(ဈ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

(ည) ဥက္ကဋ္ဌ — အဖွဲ့ဝင်
အလုပ်အကိုင်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

(ဋ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ

(ဌ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြေအသုံးချမှုဆိုင်ရာ စီမံခန့်ခွဲမှုဆပ်ကော်မတီ

(ဍ) ဥက္ကဋ္ဌ — အတွင်းရေးမှူး
ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

(ဎ) အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဏ) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
အခွန်အကောက်ဆိုင်ရာဆပ်ကော်မတီ

၂။ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်သွယ်ရေးမူဝါဒနှင့် စီးပွားရေးကဏ္ဍအလိုက် မူဝါဒများကို ခေတ်ကာလနှင့်အညီ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်လျောညီထွေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးတို့ကို အခြေခံလျက် ဆွေးနွေး ညှိနှိုင်း ပြုစုတင်ပြရန်၊

(ခ) ကုန်သွယ်ရေးမူဝါဒများကို ခေတ်နှင့်အညီ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် အခက်အခဲ အတားအဆီးရှိနေသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြေလျှော့နိုင်ရေး တင်ပြဆောင်ရွက်ရန်၊

(ဂ) စီးပွားရေးကဏ္ဍများနှင့် ကုန်သွယ်ရေးလုပ်ငန်းများအကြား ပေါင်းစပ်ညှိနှိုင်းရေး အမျိုးသားလူမှု စီးပွားဖွံ့ဖြိုးမှုကို ရှေးရှုသော ရေတိုရေရှည် မဟာဗျူဟာနှင့် နည်းဗျူဟာများ ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိပြီး ဝန်းကျင်ကောင်းဖြစ်ပေါ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးရေး အတွက် ကဏ္ဍအလိုက် ချက်ချင်းဖြေရှင်းဆောင်ရွက်နိုင်သည်များကို အထူးလုပ်ငန်းအဖွဲ့ အစီ အစဉ်ဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရန်၊

(င) အထူးလုပ်ငန်းအဖွဲ့အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိသည့်ကိစ္စရပ်များကို စီးပွားရေးရာ ကော်မတီသို့တင်ပြ၍ အခြားဆက်စပ်သည့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းရန်ရှိသည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(စ) ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးအတွက် One Stop Service ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက် ရာတွင် သက်ဆိုင်သည့်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆွေးနွေးပွဲများကို လိုအပ်သလို ကျင်းပဆောင်ရွက်ရန်၊

(ဇ) အခွင့်အလမ်းသာမည့် ပြည်တွင်းပြည်ပဈေးကွက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ကုန်သွယ်ရေး မြှင့်တင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဈ) အာဆီယံ လွတ်လပ်သောကုန်သွယ်မှုတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေး ညှိနှိုင်း အကောင်အထည်ဖော်၍ အာဆီယံစီးပွားရေးဝန်းကျင်ဆိုင်ရာ ပြင်ဆင်မှုများကို အရှိန်မြှင့် ဆောင်ရွက်ရန်။

၃။ (က) အစိုးရဌာနများဘက်မှ ကဏ္ဍအလိုက်ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍဘက်မှ မြန်မာ့စီးပွားရေးဖိုရမ်အတွက် ကဏ္ဍအလိုက်ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့များကို ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့ ဦးဆောင်၍ ရက်သတ္တပတ် ၂ ပတ်လျှင် တစ်ကြိမ် အထူးလုပ်ငန်းအဖွဲ့က ပုံသေသတ်မှတ် ရုံးဖွင့်ထားသောနေရာတွင် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း၊ ချမှတ်သင့်သည့်မူဝါဒကို ချမှတ် ဖော်ထုတ်ခြင်းနှင့် လွယ်ကူထိရောက်စွာ အကောင်အထည်ဖော်မည့် အစီအစဉ်ရေးဆွဲခြင်း တို့ကို ဆောင်ရွက်ရန်ဖြစ်သည်။

(ခ) အပိုဒ်ခွဲ (က) ပါ လုပ်ငန်းအဖွဲ့များ၏ အစီရင်ခံစာများအပေါ် ကုန်သွယ်ရေးနှင့် စီးပွားရေး လုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ ပြန်လည်ညှိနှိုင်းရှင်းလင်းသည့် အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို လစဉ်ပြုလုပ်ရန် ဖြစ်သည်။

၄။ ပုဂ္ဂလိကကဏ္ဍက မြန်မာ့စီးပွားရေးဖိုရမ် ကျင်းပပေးပါရန် တင်ပြလျှင် ကုန်သွယ်ရေးနှင့်စီးပွားရေး လုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့သည် ယင်းဖိုရမ်ကျင်းပဆောင်ရွက်ပေးသင့်သည့် အချိန်ကာလနှင့် နေရာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းပြီး စီးပွားရေးရာကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရန်ဖြစ်သည်။

၅။ ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့၏ အစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ၂ လလျှင်တစ်ကြိမ် ပုံမှန်တင်ပြရန်နှင့် အချိန်မီတင်ပြသင့်သည့် အရေးကြီးသည့် ကိစ္စဖြစ်ပါက ကြားဖြတ်အစီရင်ခံစာဖြင့် တင်ပြရန်ဖြစ်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

## ၂၀၁၅ ခုနှစ်၊ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဖွဲ့စည်းခြင်း

"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊ ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်း

နေထိုင်ရေး၊ လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး" ဟူသော အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ၂၀၁၅ ခုနှစ်၊ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်း အနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ရေးအတွက် အောက်ပါ ပုဂ္ဂိုလ်များပါဝင်သော ၂၀၁၅ ခုနှစ်၊ (၆၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်း လိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁)<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန (၁) | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းမှူး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၆) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဒုတိယဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၉) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၀) | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၂၁) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၂) | တွဲဖက်စစ်ရေးချုပ်<br>စစ်ရေးချုပ်ရုံး | အဖွဲ့ဝင် |
| (၂၃) | တွဲဖက်စစ်ထောက်ချုပ်<br>စစ်ထောက်ချုပ်ရုံး | အဖွဲ့ဝင် |
| (၂၄) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (၂၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုလွှတ်တော်ရုံး | အဖွဲ့ဝင် |
| (၂၆) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၂၇) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၂၈) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၂၉) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃၀) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အဖွဲ့ဝင် |
| (၃၁) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၃၂) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃၃) | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၃၄) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၃၅) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၃၆) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၃၇) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၃၈) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (၃၉) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (၄၀) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄၁) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၄၂) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄၃) | တိုင်းဦးစီးဗိုလ်မှူးကြီး<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄၄) | အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အိမ်တော်၊ လွှတ်တော်၊ ထိန်းသိမ်းရေးအဖွဲ့၊<br>မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄၆) | စစ်ဦးစီးမှူး (ပထမတန်း)<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးဌာနခွဲ | အဖွဲ့ဝင် |
| (၄၇) | တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးမှ<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄၈) | စစ်ဦးစီးမှူး (ပထမတန်း)<br>ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (၄၉) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အတွင်းရေးမှူး |

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် )

**"အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ"**

၁။ နိုင်ငံတော်အတွင်း မြေသယံဇာတအသုံးချမှု မူဝါဒရေးဆွဲရန် လိုအပ်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ မြေသယံဇာတများကို စနစ်တကျစီမံခန့်ခွဲအသုံးချရေး ဆောင်ရွက်နိုင်ရန်အတွက် **အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ(၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန(၅) | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (ဍ) | ဝန်ကြီးချုပ်များ<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဎ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ထ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဒ) ဦးဇော်ဦး — အဖွဲ့ဝင်
နိုင်ငံတော်သမ္မတ၏အကြံပေးပုဂ္ဂိုလ်

(ဓ) ဦးစိုးနိုင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း
ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်

(န) ဒုတိယဝန်ကြီး — အတွင်းရေးမှူး
သမ္မတရုံးဝန်ကြီးဌာန(၁)

(ပ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

၂။ အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားမြေအသုံးချမှုမူဝါဒ (Land Use Policy) ရေးဆွဲချမှတ်နိုင်ရေး စီမံဆောင်ရွက်ခြင်း။

(ခ) မြေအရင်းအမြစ်ဆိုင်ရာဥပဒေအသီးသီးကို လွှမ်းခြုံသည့် အမျိုးသားမြေအရင်းအမြစ်ဥပဒေ (Land Law) တစ်ရပ် ပြုစုပြဌာန်းနိုင်ရေးဆောင်ရွက်ခြင်း။

(ဂ) အမျိုးသားမြေအရင်းအမြစ်ဥပဒေ (Land Law) ရေးဆွဲဆောင်ရွက်ရန်အတွက် ဥပဒေရေးဆွဲပြုစုရေးကော်မတီအား ဖွဲ့စည်းတာဝန်ပေးအပ်၍ သတ်မှတ်ကာလအတွင်း ဥပဒေအတည်ပြုနိုင်ရေး လမ်းညွှန်ကြပ်မတ်ဆောင်ရွက်ခြင်း။

(ဃ) လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေများအရ ဖွဲ့စည်းတာဝန်ပေးအပ်မည့် ဗဟိုကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများအား အမျိုးသားမြေသယံဇာတအသုံးချမှု မူဝါဒနှင့်အညီဖြစ်စေရေး လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း။

(င) မြေအသုံးချမှုဆိုင်ရာစီမံကိန်းများ၊ မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရာ၌ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်ဆီလျော်မှုရှိစေရေးနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် လွယ်ကူရှင်းလင်းမြန်ဆန်စေရေးပေါင်းစပ်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ခြင်း။

(စ) ကဏ္ဍအလိုက် မြေအသုံးချမှုဇုန်များသတ်မှတ်ရေးနှင့် မြေပြင်သတင်းအချက်အလက်များပါဝင်သော အမျိုးသားမြေပုံစနစ်ရေးဆွဲထုတ်ပြန်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအား မူဝါဒချမှတ်လမ်းညွှန်ကြီးကြပ်ခြင်း။

(ဆ) မြေအရောင်းအဝယ်ဈေးကစားမှုများအား ထိန်းကျောင်းနိုင်မည့် မူဝါဒအစီအမံညှိနှိုင်းရေးဆွဲခြင်းနှင့် မြေအသုံးချမှုများအပေါ် အခွန်အခကောက်ခံသည့်ကိစ္စများ စနစ်တကျစီမံသွားခြင်း။

(ဇ) စီးပွားရေးအကျိုးဖြစ်ထွန်းမှုအများဆုံးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် မြေအသုံးချမှု ဦးစားပေးအစီအစဉ်များရေးဆွဲနိုင်ရေး ဆောင်ရွက်ခြင်း။

(ဈ) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ၊ လူထုအဖွဲ့အစည်းများ၊ ပညာရှင်များနှင့်ညှိနှိုင်း၍ အများပါဝင်သည့် ချဉ်းကပ်မှုပုံစံဖြင့် မြေအရင်းအမြစ် စီမံခန့်ခွဲမှုမူဝါဒအား နိုင်ငံအနှံ့ ကွင်းဆင်းအကောင်အထည်ဖော်ရေး လမ်းညွှန် စီမံကြီးကြပ် ဆောင်ရွက်သွားခြင်း။

(ည) တိုးတက်လာသော လူဦးရေနှင့် အိမ်ခြေအရလည်းကောင်း၊ မြေမဲ့ယာမဲ့များ နေရာချထားပေးနိုင်ရန် အတွက်လည်းကောင်း၊ မြို့ကွက်ရွာကွက်များတိုးချဲ့ခြင်း၊ မြို့သစ်ရွာသစ်များတည်ဆောက်ခြင်းတို့ကို မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ချဲ့ထွင်တည်ဆောက်ရေး ဆိုင်ရာ မူဝါဒ၊ လမ်းညွှန်ချက်များချမှတ်ခြင်းတို့ ဆောင်ရွက်ပေးခြင်း။

(ဋ) ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန် သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲကန့်သတ်ဇရိယာကြိုးဝိုင်းများနှင့် အမျိုးသားဥယျာဉ်သတ်မှတ်ခြင်း၊ ပြည်သူသုံး သစ်ဝါးထုတ်လုပ်ခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်ခြင်းတို့ကို ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ထိန်းသိမ်းနိုင်ရေးအတွက် အစုအဖွဲ့ပိုင်စိုက်ခင်းများ၊ စီးပွားဖြစ် အစိုးရ/ပုဂ္ဂလိက စိုက်ခင်း ထူထောင်ခြင်းတို့နှင့်စပ်လျဉ်း၍ မူဝါဒ၊ လမ်းညွှန်ချက်ချမှတ်ခြင်း။

(ဌ) အမျိုးသား စားနပ်ရိက္ခာဖူလုံရေးနှင့် လုံခြုံရေးအတွက် လယ်ယာမြေစီမံခန့်ခွဲမှုများကို စနစ်တကျ မူဝါဒ၊ အစီအမံများချမှတ်နိုင်ရေးဆောင်ရွက်ခြင်း။

(ဍ) မြို့ပြစည်ပင်သာယာနယ်နိမိတ်နှင့် မြို့ပြစီမံကိန်းလျာထားနယ်မြေ၊ ရင်းနှီးမြှုပ်နှံခွင့်ပြုရန် လျာထား နယ်မြေတို့အတည်ပြု သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ စိစစ်တင်ပြစေပြီး ဗဟိုကော်မတီက အတည်ပြုပြီးမှသာလျှင် ပြည်ထောင်စုအစိုးရ အစည်းအဝေးသို့ တင်ပြခြင်း၊ ဒေသအစိုးရနှင့် လွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားရေး မူဝါဒချမှတ်စီမံပေးခြင်း။

(ဎ) မြို့ပြစီမံကိန်းများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောဇုန်ဖွဲ့စည်းမှုအပါအဝင် အခြေခံ အဆောက်အဦစီမံကိန်းများအတွက် Integrated Plan ဖြစ်စေရန်အတွက် သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကြပ်မတ်ခြင်း။

(ဏ) ပြည်ထောင်စုဝန်ကြီးဌာနများ၏ သက်ဆိုင်ရာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအား ပေါင်းစပ်ညှိနှိုင်း၍ အမျိုးသား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း။

(တ) အမျိုးသားရင်းနှီးမြှုပ်နှံမှုစီမံကိန်းရေးဆွဲနိုင်ရေးအတွက် မြို့နယ်အလိုက် စိုက်ခင်းများ၊ စက်ရုံ အလုပ်ရုံ၊ စက်မှုဇုန်များ၊ သတ္တုတူးဖော်ခွင့်ပြုနိုင်သည့်နေရာများ၊ အခြေခံအဆောက်အဦ ရင်းနှီး မြှုပ်နှံမှု ပြုသင့်သည့်နေရာများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲရာမှ ကောက်နုတ်ချက် စုစည်းတင်ပြရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက စိစစ်တင်ပြစေခြင်း။

(ထ) အခြားလိုအပ်သောလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

၃။ **မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီ** ကို ဤအမိန့်ဖြင့် လွှမ်းမိုးလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် )

**စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၂။ )**

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က) ၌ ပါရှိသော "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ ရှေ့၌ထားပြီး" ဆိုသည့် စကားရပ်ကို "စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်နှင့်ယှဉ်တွဲ၍ အသုံးပြုပါက ယင်းစစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ ရှေ့၌ထားပြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အငြိမ်းစားဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲရမည်။" ဆိုသည့် စကားရပ်ကို "အငြိမ်းစား ဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲနိုင်သည်။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့" ဆိုသည့် စကားရပ်၏ရှေ့တွင် "ပုဒ်မခွဲ (က) အရ ခေါ်ဝေါ်သုံးစွဲသည့်အခါ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။　စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် -

(က) လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၉၇/၂၀၁၄)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

### လျှပ်စစ်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **လျှပ်စစ်ဥပဒေ** (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၄။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## လျှပ်စစ်ဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၄။ )

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။　ဤဥပဒေကို လျှပ်စစ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လျှပ်စစ်ဓာတ်အား**ဆိုသည်မှာ စွမ်းအင်အရင်းအမြစ် တစ်မျိုးမျိုးကို အသုံးပြု၍ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်။

(ခ) **လျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ဓာတ်အားစနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်စမ်းသပ်စစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းများကို ဆိုသည်။

(ဂ) **လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုနိုင်သည့် လုပ်ပိုင်ခွင့်ကို ဆိုသည်။

(ဃ) **ခွင့်ပြုမိန့်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ဆောင်ရွက်ရန် ပုဒ်မ ၇ အရ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူအဖြစ် သတ်မှတ်ခြင်းခံရသူက ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(င) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း**ဆိုသည်မှာ နည်းပညာတစ်ခုခု အသုံးပြု၍ စွမ်းအင်အရင်းအမြစ် တစ်မျိုးမျိုးမှ စီးပွားဖြစ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆိုသည်။

(စ) **ဓာတ်အားပို့လွှတ်ရေးစနစ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် ပင်ရင်းမှ ပင်မဓာတ်အားခွဲရုံသို့လည်းကောင်း၊ ပင်မဓာတ်အားခွဲရုံ အချင်းချင်းသို့လည်းကောင်း ဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်းတိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဓာတ်အားပို့လွှတ်သည့်စနစ်ကို ဆိုသည်။

(ဆ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံသို့ သတ်မှတ်ထားသော ဗို့အား၊ လျှပ်စီးနှင့်ကြိမ်နှုန်းတို့ဖြင့် စနစ်တကျ ဓာတ်အားဖြန့်ဖြူးခြင်းကို ဆိုသည်။

(ဇ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစနစ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်ရုံနှင့် ဓာတ်အားခွဲရုံတို့မှ ဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်းတိုင်များ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးသည့်စနစ်ကို ဆိုသည်။

(ဈ) **လျှပ်စစ်ဓာတ်အားရောင်းဝယ်ခြင်း**ဆိုသည်မှာ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့်ဖလှယ်ခြင်းကိစ္စရပ်များကို လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူနှင့်ဆက်သွယ်၍ စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ည) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း**ဆိုသည်မှာ သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးနှင့် ကြိမ်နှုန်းရှိသော လျှပ်စစ်ဓာတ်အားကို သတ်မှတ်ချက်များနှင့်အညီ ရယူအသုံးပြုခြင်းကို ဆိုသည်။

(ဋ) **လျှပ်စစ်ဓာတ်အားစနစ်**ဆိုသည်မှာ မဟာဓာတ်အားလိုင်းစနစ်နှင့် ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်တို့ကို ဆိုသည်။

(ဌ) **မဟာဓာတ်အားလိုင်းစနစ်**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများနှင့် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများကို ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းပြုလုပ်နေသော တစ်နိုင်ငံလုံးနှင့်ဆိုင်သော စနစ်ကို ဆိုသည်။

(ဍ) **ဒေသဆိုင်ရာလျှပ်စစ်ဓာတ်အားစနစ်**ဆိုသည်မှာ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်မှုမရှိဘဲ နယ်နိမိတ်တစ်ခုအတွင်း၌ သီးခြားစနစ်တစ်ခုအဖြစ် ဓာတ်အားပေးနေသော လျှပ်စစ်ဓာတ်အားစနစ်ကို ဆိုသည်။

( ဎ ) **လျှပ်စစ်ဓာတ်အားလိုင်းနယ်မြေ**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက် လျှပ်စစ်အန္တရာယ် ကင်းရှင်းရန် ဝန်ကြီးဌာနက သတ်မှတ်ထားသော အကွာအဝေးအတွင်းရှိ နယ်မြေကို ဆိုသည်။

( ဏ ) **ဓာတ်အားစနစ်ကွပ်ကဲခြင်း**ဆိုသည်မှာ မဟာဓာတ်အားလိုင်းစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ကို နည်းပညာ စံချိန်စံညွှန်းနှင့်အညီ စီမံကွပ်ကဲခြင်းကို ဆိုသည်။

( တ ) **လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်း**ဆိုသည်မှာ လျှပ်စစ်စူးစမ်းရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အား စနစ်ကွပ်ကဲခြင်း၊ လျှပ်စစ်ဓာတ်အား ရောင်းဝယ်ခြင်းနှင့်လျှပ်စစ်ဓာတ်အား ဖလှယ်ခြင်းလုပ်ငန်း တို့မှအပ အခြားလျှပ်စစ်ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

( ထ ) **လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အသုံး ပြုသော လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ဓာတ်အားလိုင်းများ၊ လျှပ်စစ်တိုင်းတာရေးကိရိယာ များ၏ ကြံ့ခိုင်မှုနှင့် စံချိန်စံညွှန်း စစ်ဆေးခြင်းကို ဆိုသည်။

( ဒ ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ ပြည်ထောင်စု အစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

( ဓ ) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးကို ဆိုသည်။

( န ) **လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**ဆိုသည်မှာ သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားပေးရေး နယ်နိမိတ်တွင် လျှပ်စစ်ဓာတ်အားလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

( ပ ) **လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တစ်ခုခုနှင့်သော်လည်းကောင်း၊ ဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်းတစ်ခုခု သို့မဟုတ် လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုခုနှင့်သော်လည်းကောင်း ပြည်တွင်း ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အစုစပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်ထားသော လုပ်ငန်းကို ဆိုသည်။

( ဖ ) **ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်သူ**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်ကို တည်ဆဲဥပဒေများနှင့်အညီ ရယူပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်သူနှင့် ထုတ်လုပ်ရောင်းချသူကို ဆိုသည်။

( ဗ ) **လျှပ်စစ်ဓာတ်အားသုံးစွဲသူ**ဆိုသည်မှာ တည်ဆဲဥပဒေများနှင့်အညီ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲ သူကို ဆိုသည်။

( ဘ ) **အသေးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်သော လျှပ်စစ် ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

( မ ) **အလတ်စားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အထက်မှ ၃၀ မဂ္ဂါဝပ်အထိ ထုတ်လုပ် ပေးနိုင်သော လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

( ယ ) **အကြီးစားလျှပ်စစ်ဆိုင်ရာလုပ်ငန်း**ဆိုသည်မှာ ၃၀ မဂ္ဂါဝပ်အထက် ထုတ်လုပ်ပေးနိုင်သော လျှပ်စစ် ဆိုင်ရာလုပ်ငန်းကို ဆိုသည်။

( ရ ) **လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို သတ်မှတ် ချက်များနှင့်အညီ စစ်ဆေးပြီး စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

( လ ) **လျှပ်စစ်ပစ္စည်းအရည်အသွေးစစ်ဆေးချက်လက်မှတ်**ဆိုသည်မှာ လျှပ်စစ်ပစ္စည်းများကို သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေး၍

သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီကြောင်းတွေ့ရှိရသဖြင့် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်။

(ဝ) **လျှပ်စစ်ပစ္စည်းထုတ်လုပ်သူ**ဆိုသည်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်များ၊ လျှပ်စစ်ဓာတ်အားသုံးစွဲသည့် စက်ပစ္စည်းများနှင့် လုပ်ငန်းသုံးကိရိယာများကို သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်သူကို ဆိုသည်။

(သ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကြီးကြပ်မှုကော်မရှင်ကို ဆိုသည်။

(ဟ) **စစ်ဆေးရေးမှူးချုပ်**ဆိုသည်မှာ ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနကခန့်အပ်သော ပုဂ္ဂိုလ်ကို ဆိုသည်။

(ဠ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်**ဆိုသည်မှာ သတ်မှတ်ထားသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ရန် စစ်ဆေးရေးမှူးချုပ်က ထုတ်ပေးသော လျှပ်စစ်နှင့်စပ်လျဉ်း၍ ကျွမ်းကျင်ကြောင်း လက်မှတ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လျှပ်စစ်ဆိုင်ရာကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရန်နှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်၊

(ခ) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများ အပြင် တိုင်းဒေသကြီးများနှင့်ပြည်နယ်များတွင် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ပိုမိုအားပေးရန်၊

(ဂ) လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာနှင့် ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်စေရန်၊

(ဃ) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေရန်၊

(င) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာစေရန်၊

(စ) ခေတ်နှင့်လျော်ညီသော လျှပ်စစ်ဓာတ်အားခ နှုန်းထားများ သတ်မှတ်နိုင်ရေးအတွက် မျှတသော၊ ပွင့်လင်းမြင်သာသော၊ ကျိုးကြောင်းဆီလျော်သော နည်းဥပဒေများ၊ စည်းမျဉ်းများရေးဆွဲပြဋ္ဌာန်း ပေးနိုင်ရန်၊

(ဆ) လျှပ်စစ်ဓာတ်အားသုံးစွဲသူများသည် စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဗို့အားနှင့်ကြိမ်နှုန်းရှိသည့် လျှပ်စစ်ဓာတ်အားကို အသုံးပြုခွင့်ရရှိစေရန်နှင့် စံချိန်စံညွှန်းမကိုက်ညီသော လျှပ်စစ်ဓာတ်အား ကြောင့် သုံးစွဲသူများ၏ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးရခြင်းမှ အကာအကွယ်ပေးနိုင်ရန်၊

(ဇ) မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာစာချုပ်များနှင့်အညီ လေးစားလိုက်နာဆောင်ရွက်မှုရှိစေရန်။

## အခန်း (၃)
## ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သည့် သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်

ဦးဆောင်စေလျက် သက်ဆိုင်ရာပညာရှင်များပါဝင်သောကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ၍ ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်တွင် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ငါးဦး သို့မဟုတ် ခုနစ်ဦးဖြင့် ဖွဲ့စည်းရမည်။

(ဃ) ကော်မရှင်၏ သက်တမ်းနှင့်လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးရမည်။

၅။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား လိုအပ်သော အကြံဉာဏ်ပေးခြင်း၊

(ခ) အမျိုးသားလျှပ်စစ်စွမ်းအား မူဝါဒပြုစုရေးဆွဲရာတွင် လိုအပ်သောအကြံဉာဏ်ပေးခြင်း၊

(ဂ) ခေတ်နှင့်လျော်ညီသော လျှပ်စစ်ဓာတ်အားခနှုန်းထားများ သတ်မှတ်နိုင်ရန်အတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊

(ဃ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးတွင် လိုအပ်ပါက လျှပ်စစ်ဆိုင်ရာလုပ်ငန်းကြီးကြပ်မှုကော်မရှင်ခွဲများ ဖွဲ့စည်းပေးခြင်းနှင့် ယင်းကော်မရှင်ခွဲများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(င) လျှပ်စစ်ကဏ္ဍတစ်ခုလုံး၏ အခြေအနေများကို နိုင်ငံတကာလျှပ်စစ်စံချိန်စံညွှန်းများနှင့် နှိုင်းယှဉ်လေ့လာပြီး စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ ပြန်လည်ဆန်းစစ်ခြင်းနှင့် တွေ့ရှိချက်များအရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများအား လိုအပ်သလို ဆောင်ရွက်နိုင်ရန် အကြံဉာဏ်ပေးခြင်း၊

(စ) ပုဂ္ဂလိက ကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံရန် သင့်လျော်သော အခြေအနေများ ဖန်တီးပေးရန်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍ၏ နည်းဥပဒေများကို လိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံပိုင် အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လုပ်ငန်းအဖွဲ့များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) လျှပ်စစ်ဓာတ်အားကဏ္ဍ တိုးတက်စေရန် လိုအပ်သော နည်းပညာများနှင့် အတတ်ပညာများ ရရှိစေရေးအတွက် ပြည်တွင်းပြည်ပမှ ကျွမ်းကျင်သူများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းရယူခြင်း၊

(ဈ) လျှပ်စစ်ဓာတ်အားစနစ်၏ နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် စံချိန်စံညွှန်းများ ပြုစုရေးဆွဲရာတွင် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ည) လျှပ်စစ်ဓာတ်အားစနစ်နှင့် သင့်လျော်သော လျှပ်စစ်ဓာတ်အား ကွန်ရက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း (Grid Code) အား ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများက ၎င်းတို့၏ လုပ်ငန်းများတွင် အသုံးပြုနိုင်သည့် ဝန်ဆောင်မှု စံချိန်စံညွှန်းများကို လိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဌ) လျှပ်စစ်ဓာတ်အားကဏ္ဍအပေါ် စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့်ပြန်လည်ဆန်းစစ်ခြင်းတို့ကို ရည်ရွယ်၍ နိုင်ငံတကာလျှပ်စစ်လုပ်ငန်း စံချိန်စံညွှန်းများ၊ ဝန်ဆောင်မှုများ၊ ဆောင်ရွက်မှုမှတ်တမ်းများနှင့် နှိုင်းယှဉ်ပြီး လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်ချက်များ၊ လျှပ်စစ်ဓာတ်အားစနစ်နှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတစ်ခုလုံး၏ ဆောင်ရွက်ချက်များကို ခွဲခြမ်းစိတ်ဖြာ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဍ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၏ ဆောင်ရွက်ချက်များမှ ရရှိလာသည့် သတင်းအချက်အလက်များအနက်မှ ပြည်သူလူထု သိသင့် သိထိုက်သည့် သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြည်သူလူထုသို့ အသိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း၊ အသုံးပြုခြင်းတို့တွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးခြင်း ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဏ) ကော်မရှင်၏ လုပ်ငန်းအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အနည်းဆုံးခြောက်လတစ်ကြိမ် တင်ပြခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော လျှပ်စစ်ဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ထ) ကော်မရှင်သည် လုပ်ငန်းများဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခြင်း။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိသည်။

## အခန်း (၄)

## ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူများနှင့်ယင်းတို့၏ တာဝန်များ

၇။ အောက်ဖော်ပြပါ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအား ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူများအဖြစ် သတ်မှတ်သည် -

(က) ဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာန၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊

(ဂ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ။

၈။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ တည်ဆောက် ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းနှင့်ဖလှယ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသူများအား ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့် ရုပ်သိမ်းခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်သည်။

(ဂ) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အားနှင့်စပ်လျဉ်း၍ စူးစမ်းရှာဖွေခြင်း၊ တည်ဆောက်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းကို ဖွဲ့စည်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို ဖွဲ့စည်းရာတွင် -

(၁) သက်ဆိုင်ရာလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနက ပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော

ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဆက်ခံစေရမည်။

(၂) ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ယင်းလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက သီးခြားလွတ်လပ်စွာ စီမံခွင့်ရှိစေရန် ဆောင်ရွက်ပေးရမည်။

( င ) ပုဒ်မခွဲ (ဂ) အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းကို စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရန် အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် သင့်လျော်သည့်အချိန်တွင် တည်ထောင်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၉။ (က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် မိမိဒေသအတွင်း ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းတို့ကို ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

( ခ ) သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ပိုင်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

( ဂ ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) တို့အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ လုပ်ငန်းများနှင့်ဆက်စပ်ပါက ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၀။ ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် -

(က) အသုံးပြုရန် လိုအပ်သောမြေပမာဏကို တည်ဆဲဥပဒေများနှင့်အညီ ရယူအသုံးပြုခွင့်ရှိသည်။

( ခ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်သက်ရောက်မှုတို့ကို ဆန်းစစ်ခြင်း၊ ထိခိုက်မှုအနည်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ ထိခိုက်မှုများအတွက် ပြန်လည်ပေးလျော်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေထည့်ဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ယင်းအချက်များကို ပုဂ္ဂလိက လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများလည်း လိုက်နာစေရန် ဆောင်ရွက်ရမည်။

( ဂ ) လျှပ်စစ်ဓာတ်အားစနစ်အတွင်း တည်ဆောက်အသုံးပြုနေသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် ပို့လွှတ်ရေးလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများနှင့် ဆက်စပ်အဆောက်အအုံများကို တည်ဆဲဥပဒေများနှင့်အညီ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ပြောင်းရွှေ့တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခွင့်ရှိသည်။

## အခန်း (၅)

## လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်

၁၁။ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ခုခုကို ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသူသည် ခွင့်ပြုမိန့်ရရှိရန် ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၂။ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဆိုင်ရာ လုပ်ငန်းများဖြစ်ပါက ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူ ဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

၁၃။ ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့်ဆက်သွယ်ခြင်းမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်းလုပ်ငန်းဖြစ်ပါက ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၄။ ခွင့်ပြုမိန့်ရရှိသူသည် မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အား ရောင်းချလိုပါက ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။ ဝန်ကြီးဌာနသည် ယင်းလျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၅။ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိဒေသအတွင်းရှိ မြို့နှင့်ကျေးရွာများအတွက် လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့် မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး တည်ဆဲဥပဒေများနှင့်အညီ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။

၁၆။ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူသည် -

(က) ပုဒ်မ ၁၁ အရ လျှောက်ထားချက်များကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ခွင့်ပြုမိန့် ထုတ်ပေးရန်စိစစ်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး လျှပ်စစ်ဆိုင်ရာလုပ်ငန်း၏ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုနှင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်မှုတို့ကို အခြေခံ စိစစ်ရမည်။ လုပ်ငန်းဆောင်ရွက်ရန် ငြင်းပယ်ပါက ငြင်းပယ်ကြောင်း လျှောက်ထားသူအား ပြန်ကြားရမည်။

၁၇။ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူက ခွင့်ပြုမိန့်ထုတ်ပေးရာတွင် လုပ်ကိုင်ခွင့်သက်တမ်း သတ်မှတ်ခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ရမည်။

၁၈။ ခွင့်ပြုမိန့်ရရှိသူသည် စစ်ဆေးရေးမှူးချုပ်ထံမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ရရှိမှသာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိသည်။

၁၉။ (က) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါလုပ်ငန်းကို အခြားအဖွဲ့အစည်းများနှင့် ပူးတွဲဆောင်ရွက်ခြင်း၊ အခြားအဖွဲ့အစည်းများသို့ လုပ်ငန်းလွှဲပြောင်းခြင်း၊ ခွင့်ပြုမိန့်ပါလုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ပြုလုပ်လိုပါက ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ရရှိသည့်အခါ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၀။ ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပါ လျှပ်စစ်ဆိုင်ရာလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၁။ (က) ခွင့်ပြုမိန့်ရရှိသူသည် ဤဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ သတ်မှတ်ထားသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပွားစေပါက ဥပဒေအရ တာဝန်ရှိစေရမည်။

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) ပါ ကိစ္စရပ်များအတွက် အရေးယူရန် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ သတ်မှတ်ပြဋ္ဌာန်းရမည်။

၂၂။ (က) ခွင့်ပြုမိန့်ရရှိသူသည် မိမိ၏ ပေါ့ဆစွာဆောင်ရွက်မှုကြောင့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ပွားစေပါက ဥပဒေအရ တာဝန်ရှိစေရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် တိကျစွာ ဖော်ပြသတ်မှတ်ရမည်။

၂၃။ (က) ခွင့်ပြုမိန့်ရရှိသူများ ဆောင်ရွက်နေသော လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအပါအဝင် မလွန်ဆန်နိုင်သောဖြစ်ရပ်တစ်ခုခုကြောင့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခုခုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများဖြစ်ပွားစေပါက ဥပဒေအရ တာဝန်မရှိစေရ။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့်သက်ဆိုင်သည့် မလွန်ဆန်နိုင်သောဖြစ်ရပ်များကို နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများတွင် တိကျစွာ ဖော်ပြသတ်မှတ်ရမည်။

၂၄။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတစ်ဦးဦး၏ ပေါ့ဆမှုကြောင့် အခြားသောလျှပ်စစ်ဓာတ်အားသုံးစွဲသူကိုဖြစ်စေ၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ နစ်နာပျက်စီးဆုံးရှုံးစေပါက ထိခိုက်ဆုံးရှုံးသည့် တန်ဖိုးအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း တွက်ချက်ထားသည့် နစ်နာကြေးကို ပေးလျော်ရမည်။

၂၅။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ကိုင်ခွင့်ကာလ ကုန်ဆုံးချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ မူလအခြေအနေအတိုင်းသော်လည်းကောင်း၊ ခွင့်ပြုမိန့်ရရှိစဉ်က စည်းကမ်းချက်များအရသော်လည်းကောင်း သဘောတူညီထားသည့်အတိုင်း သက်ဆိုင်ရာသို့ လွှဲပြောင်းပေးရမည်။

၂၆။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းများတွင် -

(၁) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်လုပ်ရမည်၊

(၂) လျှပ်စစ်ဓာတ်အား တိုင်းတာရေးပစ္စည်းကိရိယာများ၊ အကာအကွယ်ပြုပစ္စည်းကိရိယာများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ တပ်ဆင်ထိန်းသိမ်းအသုံးပြုရမည်။

၂၇။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လျှပ်စစ်အန္တရာယ်မတော်တဆဖြစ်ပေါ်ခဲ့လျှင် ခွင့်ပြုမိန့်ရရှိသူနှင့် လျှပ်စစ်ဆိုင်ရာ လုပ်ပိုင်ခွင့်ရရှိသူတို့သည် စစ်ဆေးရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာန တာဝန်ခံထံ အမြန်ဆုံးအကြောင်းကြားရမည်။

## အခန်း (၆)
## အရည်အသွေးနှင့်စံချိန်စံညွှန်းဆိုင်ရာသတ်မှတ်ချက်များ

၂၈။ လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိသူများသည် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသည့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်တို့ကို လိုက်နာရမည်။

၂၉။ ဝန်ကြီးဌာနသည် စက်ရုံအလုပ်ရုံများ၊ ယင်းတို့တွင် တပ်ဆင်ထားသော စက်ပစ္စည်းကိရိယာများ၊ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ၊ ပြည်တွင်းပြည်ပမှ ထုတ်လုပ်တင်သွင်းရောင်းချသော လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများနှင့်စပ်လျဉ်းသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ စစ်ဆေးခြင်းတို့ကို ဆောင်ရွက် ရမည်။

## အခန်း (၇)
## လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများစစ်ဆေးခြင်း

၃၀။ လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၃၁။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ စစ်ဆေးရေးမှူးချုပ်တစ်ဦးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးရမည်။ စစ်ဆေးရေးမှူးချုပ်သည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူမဖြစ်စေရ။

၃၂။ စစ်ဆေးရေးမှူးချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ခြင်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများ၏ အရည်အသွေးစစ်ဆေးခြင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်း များနှင့် ချုပ်ဆိုထားသော စာချုပ်များတွင်ပါရှိသည့် စည်းကမ်းများကို ခွင့်ပြုမိန့်ရရှိသူအား အသိပညာပေးခြင်းနှင့် လိုက်နာစေရန် ဆောင်ရွက်ခြင်း၊

(ဂ) မည်သည့်ဒေသတွင်မဆို လျှပ်စစ်ဆိုင်ရာ လုပ်ငန်းစစ်ဆေးခြင်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာ စစ်ဆေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန် လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ တစ်နည်းနည်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူ မဟုတ်သည့် စစ်ဆေးရေးမှူးများအား တာဝန် ပေးအပ်ခြင်း၊

(ဃ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်၊ လျှပ်စစ်ပစ္စည်း အရည်အသွေးစစ်ဆေးချက်လက်မှတ်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်များကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(င) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်များကို သတ်မှတ် ချက်များနှင့်အညီ ထုတ်ပေးခြင်း၊

(စ) လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် လိုအပ်သောသက်သေများကို စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနနှင့် ကော်မရှင်တို့က ပေးအပ်သော စစ်ဆေးခြင်းဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၃၃။ စစ်ဆေးရေးမှူးချုပ်၊ စစ်ဆေးရေးမှူးများနှင့် ယင်းတို့က တာဝန်ပေးအပ်သူများသည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံအတွင်းသို့မဆို သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်စစ်ဆေးခွင့်ရှိသည်။

၃၄။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းနှင့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာစစ်ဆေးခြင်းလုပ်ငန်းတို့နှင့် စပ်လျဉ်း၍ အရည်အသွေးအတည်ပြုနိုင်ရန် လိုအပ်သော နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများကို တည်ထောင်ဖွင့်လှစ်ထားရှိရမည်။

## အခန်း (၈)
## လျှပ်စစ်ဓာတ်အားစနစ် ဖွံ့ဖြိုးမှုစီမံရေးနှင့် ထိန်းညှိကွပ်ကဲရေး

၃၅။ ဝန်ကြီးဌာနသည် -

(က) နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို စီမံခြင်းနှင့် ဓာတ်အားစနစ်ကွပ်ကဲခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အား ကွန်ရက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် သင့်လျော်သည့် နေရာများတွင် လျှပ်စစ်ဓာတ်အား ကွပ်ကဲရေးဌာနများကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လျှပ်စစ်ဓာတ်အား ကွပ်ကဲရေးဌာန၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၃၆။ ဝန်ကြီးဌာနသည် -

(က) လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ခေတ်မီနည်းစနစ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရန် လိုအပ်သော သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများကို အခြားမည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ဆောင်ရွက်ရန် ခွင့်ပြုနိုင်သည်။

(ဂ) လျှပ်စစ်ဓာတ်အားစနစ် ဖွံ့ဖြိုးမှုစီမံရေးဆောင်ရွက်ရာတွင် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရမည်။

## အခန်း (၉)
## လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် စစ်ဆေးမှုနည်းစနစ်များ

၃၇။ ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော စံချိန်စံညွှန်းများ၊ စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ရမည်။

၃၈။ လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းများ စစ်ဆေးချက်ရလဒ်များနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

၃၉။ လျှပ်စစ်ဓာတ်အားစနစ်အတွင်းသို့ ဆက်သွယ်မည့် အခြားဌာန၊ အဖွဲ့အစည်းများ၏ ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများသည် ဝန်ကြီးဌာန၏ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

၄၀။ ခွင့်ပြုမိန့်ရရှိသူများသည် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ လိုအပ်သော စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၁၀)

## လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များ

၄၁။ ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား သုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သော နှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၄၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် မိမိဒေသအတွင်း မိမိအစီအစဉ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးသော ဒေသဆိုင်ရာ လျှပ်စစ်ဓာတ်အားစနစ်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားနှင့် ဝန်ဆောင်မှုစရိတ်များနှင့် စပ်လျဉ်း၍ ဒေသအလိုက် သင့်လျော်သောနှုန်းထားကို ဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ခွင့်ရှိသည်။ ယင်းလျှပ်စစ်ဓာတ်အားခနှုန်းထားများကို အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

## အခန်း (၁၁)

## ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူ၏ အရေးယူပိုင်ခွင့်

၄၃။ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် ခွင့်ပြုမိန့်ရရှိသူက ခွင့်ပြုမိန့်ပါ စည်းကမ်းချက် သို့မဟုတ် သက်ဆိုင်ရာက ထုတ်ပြန်သော အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူကို အောက်ပါအရေးယူမှုတစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

## အခန်း (၁၂)

## တားမြစ်ချက်များ

၄၄။ မည်သူမျှ ခွင့်ပြုမိန့်မရှိဘဲ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၄၅။ ခွင့်ပြုမိန့်ရရှိသူမည်သူမျှ ခွင့်ပြုမိန့်ပါလုပ်ငန်းမှအပ အခြားမည်သည့် လျှပ်စစ်ဆိုင်ရာ လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၄၆။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။

၄၇။ မည်သူမျှ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရရှိဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဆက်သွယ်အသုံးပြုခြင်းမပြုရ။

၄၈။ မည်သူမျှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်ကိုက်ညီမှုမရှိသော လျှပ်စစ်ဆိုင်ရာ ပစ္စည်းကိရိယာများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၄၉။ ခွင့်ပြုမိန့်ရရှိသူ မည်သူမျှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သည့် အဖွဲ့အစည်းနှင့်မဆို လျှပ်စစ်ဆိုင်ရာလုပ်ငန်းများကို ပူးတွဲဆောင်ရွက်ခြင်းမပြုရ။

၅၀။ ခွင့်ပြုမိန့် ရရှိသူမည်သူမျှ ခွင့်ပြုမိန့်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ပါ လုပ်ငန်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် သက်ဆိုင်ရာ အစိုးရဌာန၊

အစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

၅၁။ မည်သူမျှ လျှပ်စစ်ဓာတ်အားလိုင်း နယ်မြေအတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ သစ်ပင် စိုက်ပျိုးခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ။

၅၂။ ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်တီးခြင်း၊ အသုံးပြုခြင်းမပြုရ။

၅၃။ မည်သူမျှ လျှပ်စီးကြောင်း လွှဲပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးသည့် လိုင်းကို ဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းမပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၄။ မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ် ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၅။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၅၆။ မည်သူမဆို ပုဒ်မ ၄၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၅၇။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်သိန်းသုံးဆယ်အောက် မလျော့သည့် ငွေဒဏ်ချမှတ်ရမည်။ ပြစ်မှုနှင့်သက်ဆိုင်သောပစ္စည်းများကို ဖျက်ဆီးရမည်။

၅၉။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၄၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၆၀။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၅၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို

ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၆၃။ မည်သူမဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးနှစ်မှ အများဆုံး ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၄။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာပြစ်မှုပါ ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။

## အခန်း (၁၄)
## နစ်နာကြေး၊ လျော်ကြေး

၆၅။ ပုဒ်မ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂ နှင့် ၆၃ တို့ပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် မိမိ၏ ကျူးလွန်မှုကြောင့် ခွင့်ပြုမိန့်ရရှိသူတွင် ထိခိုက်ဆုံးရှုံးမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းထိခိုက်ဆုံးရှုံးသည့် တန်ဖိုးအတွက် ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း တွက်ချက်ထားသည့် နစ်နာကြေးကို ပေးလျော်ရမည်။

၆၆။ ပုဒ်မ ၆၅ အရ သတ်မှတ်သည့် နစ်နာကြေးကို သတ်မှတ်ချက်များနှင့်အညီ ကောက်ခံခွင့်ရှိစေရမည်။

၆၇။ မည်သူမဆို ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုကို ပြတ်တောက်စေရန်ပြုလုပ်ပါက နစ်နာဆုံးရှုံးသည့် ဓာတ်အားပမာဏနှင့် ညီမျှသောတန်ဖိုးကို ဝန်ကြီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်း တွက်ချက်၍ နစ်နာကြေးအဖြစ် ပေးဆောင်စေရမည်။

၆၈။ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ထားသူ၏ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ တာဝန်ပျက်ကွက်မှုကြောင့်ဖြစ်စေ ဓာတ်လိုက်မှု၊ မီးလောင်မှုဖြစ်ပွားပြီး တစ်ဦးတစ်ယောက် ထိခိုက်ဒဏ်ရာရလျှင် သို့မဟုတ် မသန်စွမ်းဖြစ်လျှင် သို့မဟုတ် သေဆုံးလျှင် ထိခိုက်နစ်နာသူသည် ခွင့်ပြုမိန့်ရရှိသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည် -

(က) ထိခိုက်နစ်နာသူသည် တည်ဆဲအလုပ်သမား လျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသော လျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် တည်ဆဲအလုပ်သမား လျော်ကြေးအက်ဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများက သတ်မှတ်သောလျော်ကြေး။

## အခန်း (၁၅)
## အယူခံခြင်း

၆၉။ ပုဒ်မ ၆၅၊ ၆၆ နှင့် ၆၇ တို့အရ ချမှတ်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးဆောင်ရန် အမိန့်နှင့်စပ်လျဉ်း၍ မကျေနပ်သူသည် အမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၇၀။ ပုဒ်မ ၆၉ အရ အယူခံမှုတွင် ဝန်ကြီးသည် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အတည်ပြုခြင်းတို့ ပြုနိုင်သည်။

## အခန်း (၁၆)

## အထွေထွေ

၇၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ကော်မရှင်နှင့်ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း အသီးသီးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၃။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥပဒေနှင့် လျှပ်စစ်ဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၇) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၇၄။ လျှပ်စစ်ဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၁၄)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

### သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နောက်ဆက်တွဲ (ဂ)**

## သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေပုဒ်မ ၂ (က) နှင့် (ခ) တို့အား အောက်ပါအတိုင်း အစားထိုးရမည် -

**(က) 'သံအရာရှိ' ဆိုရာတွင် သံအမတ်ကြီး၊ သံအမတ်၊ သံမှူးကြီး၊ သံမှူးကိုသော်လည်းကောင်း၊ သံရုံး၏ အတွင်းဝန်ကိုသော်လည်းကောင်း၊ သံရုံးယာယီတာဝန်ခံကိုသော်လည်းကောင်း ဆိုလိုသည်။**

**(ခ) 'ကောင်စစ်အရာရှိ' ဆိုရာတွင် ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်တို့ပါဝင်သည့် အပြင်၊ ထိုကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်၊ ကောင်စစ်ကိုယ်စားလှယ် တစ်ဦးဦး၏ တာဝန်ဝတ္တရားများကိုဆောင်ရွက်ရန် အာဏာလွှဲအပ်ခြင်းခံရသော အခြားပုဂ္ဂိုလ်လည်း ပါဝင်သည်။**

၃။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေပုဒ်မ ၃ (၁) တွင် ပါဝင်သော 'တိုင်းတစ်ပါးတွင်ဖြစ်စေ၊ အရပ်တစ်ပါးတွင်ဖြစ်စေ' ဆိုသည့် စကားရပ်ကို **'နိုင်ငံတွင်းတွင်ဖြစ်စေ၊ နိုင်ငံပြင်ပတွင်ဖြစ်စေ'** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေပုဒ်မ ၇ (၁) အား အောက်ပါအတိုင်း အစားထိုးရမည် -

**နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ ထုတ်ပြန်နိုင်သည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် )

### ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နောက်ဆက်တွဲ (ဂ)**

## ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဆိုင်ရာ ပုဒ်မ ၃ တွင် ပါရှိသော 'ပြည်ထောင်အချင်းချင်း သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်း' ဆိုသည့် စကားရပ်အား **'အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ'** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဆိုင်ရာ ပုဒ်မ ၄ အား အောက်ပါအတိုင်း အစားထိုးရမည်။

**နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ ထုတ်ပြန်နိုင်သည်။**

၄။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဆိုင်ရာ ဇယား၊ Article-1 ၏ Section-1 တွင် ပါရှိသော "judicial" ဆိုသည့် စကားရပ်အစား "juridical" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ အစီအစဉ်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်မည့်အချက်များနှင့် စပ်လျဉ်း၍ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့၏ အကြံပြုချက်၊ သုံးသပ်ချက်များအား ရှင်းလင်းတင်ပြခြင်း

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့်ဆောင်ရွက်ရန်လိုအပ်မည့် အချက်များနှင့်စပ်လျဉ်း၍ အကြံပြုသုံးသပ်ချက်**

**နိဒါန်း**

၁။ ရည်ညွှန်း (၁) ပါအရ (၁၀-၉-၂၀၁၄) ရက်နေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းမှ "နိုင်ငံတော်၏မဏ္ဍိုင်ကြီး (၃) ခု ဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့အနေနှင့် ကျန်ရှိနေသော သက်တမ်းကာလအတွင်း၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဟန်ချက်ညီဆောင်ရွက်မည့် အနာဂတ် အစီအမံများအား မည်သို့ချမှတ်ထားပါကြောင်း၊ ထိုသို့ အနာဂတ်အစီအမံများကို အကောင်အထည်ဖော်

ဆောင်ရွက်ရာမှာ စိန်ခေါ်မှုများနှင့်တွေ့ကြုံလာပါက စိန်ခေါ်မှုများကို အားသာချက်အခွင့်အလမ်းအဖြစ် ဖန်တီးယူနိုင်ရန်အတွက် မည်သည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်" ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းမေးမြန်းခဲ့ပြီး "မြန်မာနိုင်ငံအနေနှင့် ချမှတ်ထားသော မဟာဗျူဟာ၊ နည်းဗျူဟာများ အပေါ်တွင် မဏ္ဍိုင်ကြီးသုံးခုက အရှိန်အဟုန်မြှင့်ပြီး ဟန်ချက်ညီ ဆက်လက်ဆောင်ရွက်သွားမည်ဆိုလျှင် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံအဆင့်ကို အလျင်အမြန်ရောက်ရှိလာမည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူလူထုကိုယ်စား မေးမြန်းလိုသည်မှာ မြန်မာနိုင်ငံအနေနှင့် ခန့်မှန်းမည်သည့်အချိန်ကာလတွင် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ကို သိရှိလိုပါကြောင်း" တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခဲ့ပါသည်။ သို့ဖြစ်ရာ ရည်ညွှန်း (၂) ပါအရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥပဒေပြုရေးမဏ္ဍိုင် အနေဖြင့် စိန်ခေါ်မှုအခက်အခဲများကို ကျော်လွှားပြီးလျှင် မည်သို့ဆောင်ရွက်သင့်သည်ဆိုသည်ကို တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့မှ ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြပေးရန် လမ်းညွှန်ခဲ့ပါသည်။

## ရည်ရွယ်ချက်

၂။ ဥပဒေပြုမဏ္ဍိုင်အနေဖြင့် ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲများအပေါ် အောင်မြင်စွာ ကျော်လွှားနိုင်စေရန်နှင့် အားသာချက်များအဖြစ် ပြောင်းလဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန် အဟုန်မြှင့်ဆောင်ရွက်နိုင်စေရန်။

## တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များ

၃။ (က) **လွှတ်တော်များဖွဲ့စည်းမှု၊ လွှတ်တော်ရုံးဖွဲ့စည်းမှု**

(၁) **လွှတ်တော်များဖွဲ့စည်းမှု။** လွှတ်တော်များဖွဲ့စည်းမှုသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ဖွဲ့စည်းထားခြင်းဖြစ်၍ သီးခြားတင်ပြရန်မရှိပါ။

(၂) **လွှတ်တော်ရုံးဖွဲ့စည်းမှု။** လွှတ်တော်ရုံးများ၏ဖွဲ့စည်းမှုသည် ပြည့်စုံမှန်ကန်ပြီးဖြစ်ပါသည်။ ခန့်အပ်တာဝန်ပေးထားသော ဝန်ထမ်းများ၏ အရည်အချင်းများ တိုးတက်လာစေရန်နှင့် လွှတ်တော်အတွေ့အကြုံ ပိုမိုမြင့်မားလာစေရန်အတွက် သင်တန်းများ ဖွင့်လှစ်သင်ကြား ပေးခြင်း၊ နိုင်ငံတကာလွှတ်တော်များသို့ လေ့လာရေးခရီးစဉ်များ စေလွှတ်ပေးခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုမြှင့်တင်ပေးခြင်းတို့ကို ပိုမိုဆောင်ရွက်ပေးသင့်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အချိန်ဇယားရေးဆွဲ၍ ပုံမှန်ဆောင်ရွက်ပေးသင့်ပါသည်။ သို့မှသာ လုပ်ငန်းများပိုမိုမြန်ဆန်ထိရောက်အောင်မြင်မည် ဖြစ်ပါသည်။

(ခ) **ကော်မတီများဖွဲ့စည်းမှု၊ တာဝန်နှင့်ရပိုင်ခွင့်**

(၁) **ကော်မတီများဖွဲ့စည်းမှု။** လက်ရှိကာလတွင်ပြည်သူ့လွှတ်တော်၌ ကော်မတီ (၂၃) ရပ်နှင့် ကော်မရှင်တစ်ရပ်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီအရေအတွက်မှာ ပြည့်စုံ လုံလောက်မှုရှိပြီး ဘက်ပေါင်းစုံကဏ္ဍများအတွက် ပြည့်စုံလွှမ်းခြုံမှုရှိပြီးဖြစ်ပါသည်။ သို့သော် အချို့သောကိုယ်စားလှယ်များအနေဖြင့် ကော်မတီတစ်ရပ်ထက်ပိုပြီး တာဝန်ယူရသောအခါ မနိုင်မနင်းဖြစ်ခြင်းနှင့် ကော်မတီတစ်ရပ်ရပ်အတွက် လစ်ဟင်း (ပျက်ကွက်) ခြင်းကိုတွေ့ရှိ ရပါသည်။ သို့ဖြစ်ရာ ထိုသို့လွှတ်တော်ကိုယ်စားလှယ်များအစား လက်ရှိတွင် ကော်မတီများ၌ လေ့လာသူအဖြစ် ထည့်သွင်းဖွဲ့စည်းထားသော တပ်မတော်သားကိုယ်စားလှယ်များကို ကော်မတီဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းသင့်ပါသည်။ ဥပဒေကြမ်းကော်မတီသည် ဥပဒေအရ ကော်မတီဝင် (၁၅) ဦးဖြင့် ဖွဲ့စည်းထားရသော်လည်း ဥပဒေကြမ်းများအားလုံးကို ကိုင်တွယ် ဆောင်ရွက်နေရသောကြောင့် မနိုင်မနင်းဖြစ်နေရပါသည်။ ထိုအခါ အဖွဲ့ငယ် (၃) ဖွဲ့ခွဲ၍ ဥပဒေကြမ်းများကို ကိုင်တွယ်နေရသောကြောင့် ဘာသာရပ်ဆိုင်ရာ အားနည်းချက်များ

ပေါ်ပေါက်လာပါသည်။ သို့ဖြစ်ရာ ဥပဒေတစ်ရပ်အား အတည်ပြုပြဋ္ဌာန်းပြီးနောက် ထပ်မံပြင်ဆင်ရခြင်းမျိုးများ မကြာခဏ ပေါ်ပေါက်နေပါသည်။ ဤစိန်ခေါ်မှုများအား ကျော်လွှားနိုင်စေရေးအတွက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်တွင် ဘာသာရပ်ပေါင်းစုံအား လွှမ်းခြုံအကြံပြုနိုင်စေရန် ပညာရှင်အရေအတွက် ထပ်မံတိုးချဲ့ဖွဲ့စည်းသင့်ပါသည်။ ကော်မတီဝင် (လွှတ်တော်ကိုယ်စားလှယ်များ) သည် အင်္ဂလိပ်ဘာသာနှင့် ကွန်ပျူတာဘာသာရပ်တွင် အားနည်းသူများပြားကြောင်း တွေ့ရှိရသဖြင့် အရည်အသွေးမြှင့်တင်ရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(၂) **တာဝန်နှင့်ရပိုင်ခွင့်။** သီးခြားတင်ပြရန်မရှိပါ။

(ဂ) **ကော်မတီရုံးများဖွဲ့စည်းမှု (ဝန်ထမ်းများ၏ အရေအတွက်၊ အရည်အချင်း၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု)။** ကော်မတီရုံးများတွင် လက်ရှိဖွဲ့စည်းပုံအရ သင့်လျော်မှုရှိကြောင်း တွေ့ရှိရပါသည်။ ကော်မတီရုံးများ၌ အမျိုးသားဝန်ထမ်းများသာ ထမ်းဆောင်သင့်သောတာဝန်များလည်းရှိရာ အမျိုးသားဝန်ထမ်းများ ထပ်မံခန့်အပ်သင့်ပါသည်။ ရုံးသုံးအထောက်အကူပြုပစ္စည်း [ဥပမာ-ကွန်ပျူတာ၊ Printer ၊ မိတ္တူကူးစက်၊ Scanner ၊ Fax Phone ၊ Projector ၊ အသံဖမ်းကိရိယာ (Mic) အမျိုးမျိုး] စသည်တို့ပြည့်စုံအောင် ဖြည့်ဆည်းခြင်းအပြင် ရုံးသုံးစရိတ်၊ အသေးသုံးစရိတ်များကိုလည်း တိုးမြှင့်သတ်မှတ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဝန်ထမ်းများအနေဖြင့် ကွန်ပျူတာစွမ်းရည်၊ Network အသုံးပြုနိုင်မှုစွမ်းရည်၊ လက်ရေးတို (Stenography) ၊ ဥပဒေများကို အင်္ဂလိပ်-မြန်မာ အပြန်အလှန် ဘာသာပြန်ဆိုနိုင်မှုစွမ်းရည်များရှိစေရန်အတွက် Capacity မြှင့်တင်ခြင်းကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းပြည်ပသင်တန်းများစေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminer များကျင်းပခြင်း၊ သုတေသနလုပ်ငန်းများတိုးချဲ့ဆောင်ရွက်စေခြင်းတို့ဖြင့် လေ့ကျင့်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

(ဃ) **လွှတ်တော်တွင် မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများ တင်သွင်းဆောင်ရွက်မှု**

(၁) **မေးခွန်းမေးမြန်းမှု။** ကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်ချိန်အတွင်း မေးခွန်း၏ ဆိုလိုရင်းကို ရှင်းလင်းပြတ်သားစွာမေးမြန်းသင့်ပြီး ရှည်လျားထွေပြားစွာ မေးမြန်းခြင်းများအား ထိရောက်စွာပြစ်တင်ရှုတ်ချ၍ မှတ်တမ်းတင်သင့်ပါသည်။ မေးခွန်းများမေးမြန်းရာတွင်လည်း မေးခွန်းရှင်သည် အပြုသဘောဆောင်သည့် မေးခွန်းများကို မေးမြန်းသင့်ပါသည်။ အချို့သောမေးခွန်းများအနေဖြင့် ပုဂ္ဂလိက အမိဋ္ဌာန်ဆောင်နေခြင်း၊ ဆန့်ကျင်ဘက်အသွင်ဆောင်နေခြင်းတို့ကို တွေ့ရှိရပါသည်။ နိုင်ငံသားအများစုကို ကိုယ်စားပြုနိုင်သော မေးခွန်းများအား ဦးစားပေးမေးမြန်းသင့်ပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအနေဖြင့်လည်း မေးခွန်းများအား ပြန်လည်ဖြေကြားရာ၌ ခွင့်ပြုချိန်အတွင်း လိုအပ်သည့်အကြောင်းအရာ အချက်အလက်တို့ကို အနှစ်ချုပ်၍ လိုရင်းကို ထိထိမိမိဖြေကြားနိုင်ရေးအတွက် လွှတ်တော်ရုံးနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ (ဥပမာ- Power Point လိုအပ်ပါက ကြိုတင်ပြင်ဆင်လာခြင်း)။

(၂) **အဆိုများဆွေးနွေးခြင်း။** အဆိုများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ပြန်လည်ရှင်းလင်းဖြေကြားရာတွင် နိုင်ငံသားများကို ကိုယ်စားပြုနေသော လွှတ်တော်ကိုယ်စားလှယ်များ၏ ယုံကြည်လက်ခံမှု အပြည့်အဝရရှိစေရန် အရည်အချင်းပြည့်မီစွာ ပြန်လည်ရှင်းလင်းဖြေကြားတင်ပြသင့်ပါသည်။

(၃) **ဥပဒေကြမ်းဆွေးနွေးခြင်း။** တင်သွင်းလာသော ဥပဒေကြမ်းများသည် နိုင်ငံသားအားလုံးလိုက်နာရမည့် ဥပဒေတစ်ရပ်ဖြစ်လာနိုင်ပါသည်။ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက စိစစ်ချက် အစီရင်ခံစာတင်သွင်းရာတွင် အစီရင်ခံစာပါ အကြောင်းအရာများ၊ အကျိုးအကြောင်းဖော်ပြချက်များသည် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် အစီရင်ခံစာများဖြစ်ရန် လိုအပ်ပါသည်။

တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လည်း အထူးလိုအပ်ပါသည်။ အချို့ဥပဒေကြမ်းများတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်၏ ပြန်လည်ရှင်းလင်းတင်ပြမှုနှင့် လုံးဝဆန့်ကျင်နေပြီး လွှတ်တော်ကိုယ်စားလှယ်အများစု၏ ဆုံးဖြတ်ချက်မှာလည်း ကော်မတီ၏အစီရင်ခံစာပါ ကျိုးကြောင်းဖော်ပြချက်နှင့် ဆန့်ကျင်ကွဲလွဲမှုရှိကြောင်း တွေ့ရှိနေရပါသည်။ ကော်မတီ၏ အစီရင်ခံစာသည် လူ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုအား အထောက်အကူပြုသည့် ပုံသဏ္ဍာန်မျိုးမဖြစ်ပေါ်စေရန် စနစ်တကျ အချိန်ယူစိစစ်ပြီးမှသာ အစီရင်ခံသင့်ပါသည်။ (ဥပမာ-နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်း)။ ဥပဒေကြမ်းများရေးဆွဲရာတွင် ခိုင်မာသည့် ဥပဒေတစ်ရပ်ဖြစ်ပေါ်လာစေရန်အတွက် ဥပဒေပါ အကြောင်းအရာများနှင့်ပတ်သက်၍ ပြည်သူလူထု၏အကြံပြုချက်များပါဝင်နိုင်ရန် နည်းမျိုးစုံဖြင့် ချပြသင့်ပါသည်။ ဥပဒေပြုရာတွင်လည်းကောင်း၊ အစီရင်ခံစာတင်သွင်းရာတွင်လည်းကောင်း ပြည်သူလူထု၏ အကြံပြုချက်များ၊ ပညာရှင်များ၊ အသင်း/အဖွဲ့များ၏ အကြံပြုချက်များကို ယခုထက်ပိုမို၍ ပွင့်လင်းမြင်သာစွာရယူပြီး (Public hearing) ဆောင်ရွက်၍ ထည့်သွင်းစဉ်းစားသွားရန် လိုအပ်ပါသည်။ နိုင်ငံတကာမှ ဥပဒေများကိုလေ့လာခြင်းအပြင် ပညာရှင်များ၏ အကြံဉာဏ်များကိုလည်း ရယူသင့်ပါသည်။ လွှတ်တော်အတွင်း ဥပဒေပြုရာတွင် တွေ့ရှိရသော ထင်သာမြင်သာရှိသည့်အချက်မှာ လွှတ်တော်ကိုယ်စားလှယ်အများစုသည် ဥပဒေကြမ်းကော်မတီ သို့မဟုတ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းသာ ထောက်ခံဆန္ဒပြုနေရခြင်းမျိုး တွေ့ရှိနေရပါသည်။ ယှဉ်ပြိုင်ပြင်ဆင်လိုသူက တင်ပြသည့် အချက်သည် မည်မျှသင့်လျော်မှန်ကန်မှုရှိသည်ဖြစ်စေ၊ ၎င်းကိုယ်စားလှယ်အနေဖြင့် တင်ပြပုံတွင် အနည်းငယ် အားနည်းချက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်အများစု ရှင်းလင်းအောင် တင်ပြနိုင်ခြင်းမရှိပါက ဆန္ဒမဲဆုံးရှုံးပြီး ဥပဒေကောင်းတစ်ရပ်ပေါ်ပေါက်လာစေမည့် အခြေအနေမှ လမ်းလွဲသွားရပါသည်။ (ဥပမာ-အမျိုးသားပညာရေးဥပဒေ) လွှတ်တော်များအနေဖြင့်ဥပဒေပြုရာတွင် သတ်မှတ်ချိန်အတွင်း အရည်အသွေးရှိသော ဥပဒေများပေါ်ထွက်လာစေရန်အတွက် ပြဋ္ဌာန်းလိုသည့်ဥပဒေအရေအတွက်ကို ကန့်သတ်ရန် လိုအပ်ပြီး ဥပဒေကြမ်းကော်မတီဝင်များ၏ အရည်အချင်းကို မြှင့်တင်ရန် လိုအပ်ပါသည်။ ၎င်းအပြင် ဥပဒေကြမ်းကော်မတီအား အထောက်အကူဖြစ်စေရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဘာသာရပ်ကျွမ်းကျင်သူများ ထပ်မံထည့်သွင်း၍ တိုးချဲ့ဖွဲ့စည်းသင့်ပါသည်။

(င) **မဏ္ဍိုင်ကြီး (၃) ရပ် အပြန်အလှန်ထိန်းကျောင်းမှုကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး။** မဏ္ဍိုင်ကြီး (၃) ရပ်အပြန်အလှန်ထိန်းကျောင်းမှုပြုရာတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများမှာအောက်ပါ အတိုင်းဖြစ်ပါသည် -

(၁) ဥပဒေပြုရေးမဏ္ဍိုင်မှ အုပ်ချုပ်ရေးမဏ္ဍိုင်အားစောင့်ကြည့်ထိန်းကျောင်းရာတွင် အုပ်ချုပ်ရေးမဏ္ဍိုင်သည် ကတိကဝတ်အတိုင်း လိုက်နာဆောင်ရွက်မှု အားနည်းခြင်းနှင့်ကြန့်ကြာခြင်းများ ရှိကြောင်း တွေ့ရှိရပါသည်။

(၂) ဥပဒေပြုရေးမဏ္ဍိုင်မှ တရားစီရင်ရေးမဏ္ဍိုင်အား စောင့်ကြည့်ထိန်းကျောင်းရာတွင် ကော်မတီ၊ ကော်မရှင်များ လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်မှုအား တရားစီရင်ရေးမဏ္ဍိုင်အနေဖြင့် နားလည်မှုရှိရန်နှင့် လက်ခံနိုင်ရန် လိုအပ်ပါသည်။

(၃) အုပ်ချုပ်ရေးမဏ္ဍိုင်မှ ဥပဒေပြုရေးမဏ္ဍိုင်ကို ထိန်းကျောင်းရာတွင် ဥပဒေပြုရေးမဏ္ဍိုင်က ပြဋ္ဌာန်းလိုက်သော ဥပဒေကြမ်းများအနက် အချို့သောဥပဒေကြမ်းများအား အုပ်ချုပ်ရေးမဏ္ဍိုင်မှ ပြင်ဆင်ချက်/သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသောအခါ ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် နားလည်လက်ခံရန် ခက်ခဲကြောင်း တွေ့ရှိရပါသည်။

(၄) တရားစီရင်ရေးမဏ္ဍိုင်မှ ဥပဒေပြုရေးမဏ္ဍိုင်ကို စောင့်ကြည့်ထိန်းကျောင်းမှုပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ ဆုံးဖြတ်ချက်ကို ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် နားလည်ရန် ခက်ခဲကြောင်း တွေ့ရှိရပါသည်။

(၅) သို့ဖြစ်ပါ၍ မဏ္ဍိုင်ကြီး (၃) ရပ်အနေဖြင့် ပုဂ္ဂိုလ်စွဲ၊ အဖွဲ့အစည်းစွဲများမပါရှိစေဘဲ အပြန်အလှန်နားလည်ပေးရန်လိုအပ်ပြီး အားသာသည့် အဖွဲ့အစည်းက အားနည်းသည့် အဖွဲ့အစည်းကို နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

(စ) **ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအကြား အပြန်အလှန် ဆက်သွယ်မှုအခန်းကဏ္ဍ**

(၁) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းရမည့် ဥပဒေများကို နောက်ဆက်တွဲဇယား (၁) (၂) တို့ဖြင့် တိကျစွာ ဖော်ပြထားပါသည်။

(၂) ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် ပြည်ထောင်စုတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးနှင့် သက်ဆိုင်သဖြင့် ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးအတည်ပြု ပြဋ္ဌာန်းလိုက်သောဥပဒေများအား တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များမှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့က သိရှိနားလည်ထားသင့်ပါသည်။ သို့မှသာ ပင်မဥပဒေ (Mother Law) ဖြစ်သော ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြဋ္ဌာန်းချက်မူဘောင်ကို ကျော်လွန်မှုမရှိစေဘဲ ယင်းပင်မဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို ရယူခံစားနိုင်စေသည့်အပြင် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအနေဖြင့် ဥပဒေများ ပြဋ္ဌာန်းရာတွင် အထောက်အကူရရှိမည်ဖြစ်ပါသည်။

(၃) အလားတူ ပြည်ထောင်စုလွှတ်တော်ရှိ ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်နေကြသော ပြည်သူများဖြစ်သည်နှင့်အညီ မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းလိုက်သော ဥပဒေများအား သိရှိလိုက်နာရမည်ဖြစ်သကဲ့သို့ ယင်းဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သော ဥပဒေ၊ ပြည်ထောင်စုအစိုးရ၏ မူဝါဒ၊ ရည်မှန်းချက်၊ ဆောင်ရွက်ချက်များနှင့်ဟန်ချက်ညီ/မညီ ယင်းဒေသရှိ ပြည်သူလူထုအား မည်မျှအကျိုးပြု/မပြုကို သိရှိနားလည်နိုင်မည်ဖြစ်ပါသည်။

(၄) တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအနေဖြင့်လည်း ပြည်ထောင်စုလွှတ်တော်နှင့် ဟန်ချက်ညီသော ဥပဒေများပြဋ္ဌာန်းနိုင်ရန် လိုအပ်ပြီး သက်ဆိုင်ရာ ဥပဒေများအား အပြန်အလှန်သိရှိနားလည်ထားရန် အထူးလိုအပ်ပါသည်။ သို့မှသာ နိုင်ငံတော်သည် ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာများကို တိုင်းဒေသကြီး/ပြည်နယ်များက ကျော်လွန်ဆောင်ရွက်မိခြင်းမျိုး မပေါ်ပေါက်စေရန် လိုအပ်သကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်များ၏ လုပ်ပိုင်ခွင့်များကိုလည်း ပြည်ထောင်စုလွှတ်တော်က ဝင်ရောက်စွက်ဖက်ဆောင်ရွက်မိခြင်းမျိုး မပေါ်ပေါက်စေရန် လိုအပ်သဖြင့် လွှတ်တော်များအကြား အပြန်အလှန်ဆက်သွယ်မှု အခန်းကဏ္ဍကို ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်သင့်ပါသည်။

(ဆ) **လွှတ်တော်၏ ဆောင်ရွက်ချက်များပိုမိုပွင့်လင်းမြင်သာစေရန်**

(၁) လွှတ်တော်တွင် အဆို၊ ဥပဒေကြမ်းများတင်သွင်းမှုကို မည်သည့်လွှတ်တော်ကိုယ်စားလှယ်က မည်သည့်နေ့တွင် မည်သည့်အဆို/ဥပဒေကြမ်းကို တင်သွင်းမည်ဖြစ်ကြောင်းကို ကြေညာသင်ပုန်းတွင် ကြိုတင်၍ ဖော်ပြထားပေးသင့်ပါသည်။ သို့မှသာ ကိုယ်စားလှယ်အားလုံး တွေ့ရှိနိုင်မည်ဖြစ်သကဲ့သို့ အကြောင်းအရာနှင့်ပတ်သက်သော အချက်အလက်များကို ကြိုတင်ရှာဖွေစုဆောင်းထားရှိကာ ဝင်ရောက်ဆွေးနွေးခြင်းအားဖြင့် နိုင်ငံတော်အတွက် ပိုမိုအကျိုးဖြစ်စေမည်ဖြစ်သကဲ့သို့ လွှတ်တော်ရုံး၏ ပွင့်လင်းမြင်သာမှုကို ဖော်ပြရာရောက်မည် ဖြစ်ပါသည်။

(၂) ကော်မတီများအနေဖြင့်လည်း မည်သည့်ဥပဒေကြမ်းများအား မည်သည့်ရက်တွင် ဆွေးနွေးမည်ကို ကြေညာသင်ပုန်းတွင် ကြိုတင်ဖော်ပြထားပေးသင့်ပါသည်။ သို့မှသာ ကိုယ်စားလှယ်အားလုံးသိရှိပြီး ဥပဒေကြမ်းပါ အကြောင်းအရာနှင့် ပတ်သက်သောအချက်အလက်များကို ကြိုတင်ရှာဖွေစုဆောင်းကာ စိတ်ပါဝင်စားသူ ကိုယ်စားလှယ်အားလုံး ဝင်ရောက်ဆွေးနွေးနိုင်သောကြောင့် ပိုမိုတောင့်တင်းခိုင်မာသော ဥပဒေများပေါ်ထွက်လာနိုင်မည်ဖြစ်သကဲ့သို့ တန်ဖိုးရှိသော လွှတ်တော်၏အချိန်များကိုလည်း အကျိုးရှိရှိ ပိုင်းခြားသုံးစွဲသွားနိုင်မည် ဖြစ်ပါသည်။

(၃) အရေးကြီးအဆိုများတင်သွင်းရာ၌ ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၆၃ ပါအတိုင်း တိကျစွာ ဆောင်ရွက်သင့်ပြီး ကိုယ်စားလှယ်များအနေဖြင့် အဆိုပါအကြောင်းအရာနှင့်ပတ်သက်ပြီး လိုအပ်သောအချက်အလက်များ ရှာဖွေဆွေးနွေးနိုင်မည် ဖြစ်ပါသည်။

(၄) ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လုပ်ရှားဆောင်ရွက်မှုများ အားနည်းကြောင်းတွေ့ရသဖြင့် လှုပ်ရှားဆောင်ရွက်မှုများအား ယခုထက် ပိုမိုပွင့်လင်းမြင်သာစေရန် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

(၅) လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပုဂ္ဂလိကအသင်းအဖွဲ့၊ ကုမ္ပဏီများသို့ တာဝန်မပေးဘဲ လွှတ်တော်ရုံးကသာ ဌာနတစ်ခု အနေဖြင့် ဆောင်ရွက်သင့်ပြီး အသင်းအဖွဲ့၊ ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်လိုပါက ပြင်ပမှစောင့်ကြည့်သုတေသနလုပ်ငန်းမျိုးသာ လုပ်ဆောင်စေသင့်ပါသည်။ အကြောင်းအရာ၊ အချက်အလက်များပံ့ပိုးပေးရမည်ဆိုပါက စာရွက်စာတမ်းလုံခြုံရေး၊ သတင်းလုံခြုံရေး အရ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ချပြပြီးမှသာ အတည်ပြုချက်ရယူ၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သင့်ပါသည်။

(၆) နိုင်ငံတကာဆောင်ရွက်ချက်များ၊ ခရီးစဉ်များတွင်လည်း အသေးစိတ်လုပ်ငန်းဆောင်ရွက်ချက်များကို ကိုယ်စားလှယ်အားလုံး သိရှိနားလည်ပါဝင်ဆောင်ရွက်နိုင်ရေး ယခုထက် ပို၍ တိုးမြှင့်ဆောင်ရွက်သင့်ပါသည်။

## (ဈ) နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ သတင်းအချက်အလက်နှင့်အတွေ့အကြုံများဖလှယ်မှု

(၁) ပြည်သူ့လွှတ်တော်တွင် "နိုင်ငံတကာဆက်ဆံရေးကော်မတီ"၊ အမျိုးသားလွှတ်တော်တွင် "ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီ"၊ ပြည်ထောင်စုလွှတ်တော်တွင် "နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ"နှင့် "အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ" များဖွဲ့စည်းထားရှိပါသည်။ လွှတ်တော်တစ်ခု၏ သက်တမ်းမှာ (၅) နှစ်ကာလဖြစ်ပြီး လွှတ်တော်သက်တမ်းတစ်ခုအတွင်း ဆောင်ရွက်ချက်များကို နောင်လွှတ်တော်များသို့ လက်ဆင့်ကမ်းယူရန်လိုအပ်သကဲ့သို့ လွှတ်တော်၏ နိုင်ငံတကာနှင့်ပတ်သက်သော ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် ပြည်သူများသိရှိထားရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်သော ကော်မတီ၏ဆောင်ရွက်ချက်များ၊ ခရီးစဉ်များ၊ လေ့လာရေး၊ သင်တန်း၊ အစည်းအဝေးများနှင့်ပတ်သက်ပြီး ခရီးစဉ်မှတ်တမ်း၊ လုပ်ဆောင်ချက်များ၊ လွှတ်တော်များဆိုင်ရာ သဘောတူညီချက်များ၊ အစီရင်ခံစာများကို ပိုမိုပွင့်လင်းမြင်သာစွာ ချပြသင့်ပါသည်။ သို့မှသာ ကိုယ်စားလှယ်အားလုံးသိရှိပြီး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(၂) လွှတ်တော်အတွေ့အကြုံများ ပိုမိုရင့်ကျက်လာနိုင်စေရန် လွှတ်တော်ကိုယ်စားလှယ်များအား လေ့လာရေးခရီးစဉ်များ၊ သင်တန်းများကို ပိုမိုစေလွှတ်သင့်ပြီး ကိုယ်စားလှယ်အားလုံး ပါဝင်နိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားသင့်ပါသည်။

(ဈ) **လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်မှု**

(၁) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေဆဲဖြစ်သော်လည်း ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရာတွင် ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသများ၌ ပိုမိုသုံးစွဲသင့်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်စေရန် ရန်ပုံငွေရွှေ့ပြောင်း သုံးစွဲမည်ဆိုပါကလည်း ခိုင်မာတိကျသောမူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများ ချမှတ်ရန် လိုအပ်ပါသည်။ သို့မှသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား၊ မြို့နယ် တစ်မြို့နယ်နှင့် တစ်မြို့နယ်အကြား၊ တိုင်းရင်းသားလူမျိုး တစ်စုနှင့် တစ်စုအကြားသာမက ပါတီတစ်ခုနှင့်တစ်ခုအကြား နားလည်မှု ပိုမိုရရှိကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မထိခိုက်ဘဲ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(၂) မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရာတွင်လည်း ဒေသစွဲ၊ နယ်မြေစွဲ၊ ရပ်ကွက်စွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ပါတီစွဲ၊ လူပုဂ္ဂိုလ်စွဲကင်းစွာဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ပါသည်။

(၃) ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲပြီး ဆောင်ရွက်ချက်များ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများ၊ ကြပ်မတ်စစ်ဆေးမှုများကို သက်ဆိုင်ရာမြို့နယ်ရှိ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကို တိကျစွာ အစီရင်ခံတင်ပြသင့်ပြီး ယင်းအစီရင်ခံစာကို စိစစ်ရန်လိုအပ်ပါသည်။ အစီရင်ခံစာများကိုစိစစ်ရာ၌ မမှန်မကန်သော အစီရင်ခံစာ ရေးသားတင်ပြမှုများ ပါရှိလာပါက လိုအပ်သလို သတိပေးမှု၊ အရေးယူမှုများပြုလုပ်ရန် လိုအပ်ပါသည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကိုလည်း အများပြည်သူသိရှိစေရန် သတင်းစာနှင့်စာစောင်များ၊ လွှတ်တော်ဂျာနယ်များ စသည်တို့တွင် ပွင့်လင်းမြင်သာစွာ ဖော်ပြသွားသင့်ပါသည်။

(ည) **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က) နှင့်အညီ လွှတ်တော်၊ လွှတ်တော်ကော်မတီ၊ အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အတွင်း ဆက်သွယ်ဆက်ဆံမှု။** လွှတ်တော်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ အဆင်ပြေမှုရှိသော်လည်း အချို့လွှတ်တော်ကော်မတီများအနေဖြင့် ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခက်အခဲများရှိကြောင်း တွေ့ရပါသည်။ ယင်းသို့ မဖြစ်ပေါ်စေရန်အတွက် အဓိကအချက်မှာ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်နားလည်မှုရှိရန် လိုအပ်ပြီး ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ဋ) **သတင်းမီဒီယာနှင့် လွှတ်တော်အကြား အပြန်အလှန်ဆက်သွယ်မှုအခန်းကဏ္ဍ**

(၁) သတင်းမီဒီယာများအနေဖြင့် လွှတ်တော်များတွင် ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်ဖြစ်သော မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းအပိုင်းတွင် သတင်းမှန်များ ထုတ်လွှင့်ဖြန့်ချိပေးရန် အလွန်အရေးကြီးပါသည်။ သို့မှသာ ပြည်သူလူထုအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် မည်သို့ဆောင်ရွက်နေသည်၊ မဏ္ဍိုင်ကြီး (၃) ရပ်အကြား ဥပဒေနှင့်အညီ မည်သို့ အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်နေသည်ကို အမှန်တကယ်သိရှိနိုင်မည်ဖြစ်ပါသည်။ အချို့သော သတင်းမီဒီယာနှင့် ဂျာနယ်များသည် သတင်းများဖော်ပြရာတွင် ၎င်းတို့ကျောထောက်နောက်ခံပြုထားသော အဖွဲ့အစည်း၏ အရိပ်အယောင်လွှမ်းမိုးမှုအရလည်းကောင်း၊ စီးပွားရေးဆန်ဆန်ဖြင့် သတင်းဂျာနယ် ပိုမိုရောင်းအားကောင်းစေရန်လည်းကောင်း ကိုယ်စားလှယ်များ၏ဆောင်ရွက်ချက်၊ ဆွေးနွေးချက်၊ ဆိုလိုရင်းအနက်အဓိပ္ပာယ်တစ်ခုလုံးကို ပေါ်လွင်အောင်ဖော်ပြရေးသားခြင်းမရှိဘဲ အကြောင်းအရာတစ်ခု၊ အပိုင်းအခြားတစ်ခု၊ တစ်စိတ်တစ်ဒေသကိုသာ ရွေးချယ်ဖော်ပြမှုများရှိနေသည့်အပြင် ၎င်းအကြောင်းအရာ တစ်စိတ်တစ်ဒေသကို ကိုးကား၍ လိုရာဆွဲသုံးသပ်ရေးသားမှုများကြောင့် မဏ္ဍိုင်ကြီး (၃) ရပ်၏ ဆောင်ရွက်ချက်အပေါ် ပြည်သူလူထုအနေဖြင့် ယုံကြည်မှုကင်းမဲ့ကာ အထင်အမြင်

လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ၎င်းအပြင် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ယုံကြည်မှုကိုလည်း လျော့ပါးစေနိုင်ပါသည်။

(၂) ယင်းသို့မဖြစ်ပေါ်စေရေးအတွက် အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် ဥပဒေနှင့်အညီ ထိန်းကျောင်းနေပါသော်လည်း အချို့မီဒီယာများအနေဖြင့် ကျင့်ဝတ်နှင့်မညီဖော်ပြရေးသားနေမှုများကို ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့်လည်း စဉ်ဆက်မပြတ်စောင့်ကြည့်ပြီး အပြန်အလှန်ထိန်းကျောင်းရန် လိုအပ်ပါသည်။

## အနာဂတ်အစီအမံနှင့် နည်းလမ်းများ

၄။ ကျန်ရှိနေသော သက်တမ်းကာလအတွင်း မဏ္ဍိုင်ကြီး (၃) ရပ်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင်လည်း မဏ္ဍိုင်ကြီး (၃) ရပ်အကြား ဟန်ချက်ညီ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဟန်ချက်ညီဆိုသည်မှာ အုပ်ချုပ်ရေးကဏ္ဍက ဦးစားပေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် စီမံကိန်းများအပေါ် မူတည်၍ ဥပဒေပြုရေးမဏ္ဍိုင်က ဥပဒေများ ပြဋ္ဌာန်းပေးရန်လိုအပ်ပါသည်။ ထိုသို့ ပြဋ္ဌာန်းလိုက်သောဥပဒေများသည် ဥပဒေစည်းနှောင်အား (enforcement) ရှိစေရန်အတွက် တရားစီရင်ရေးမဏ္ဍိုင်နှင့်အုပ်ချုပ်ရေးမဏ္ဍိုင်က အားဖြည့်ပေးရန် လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထိရောက်သော အောင်မြင်မှုရရှိမည်ဖြစ်ပါသည်။

၅။ ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဥပဒေများအား ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ယခုထက်ပို၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပြီး ၎င်းတို့ကို လုပ်ငန်းလမ်းညွှန်အချိန်ဇယား (Schedule) ရေးဆွဲ၍ စီမံဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၆။ အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် နှစ်တို/နှစ်ရှည် အကောင်အထည်ဖော်ဆောင်ရွက်လိုသော လုပ်ငန်းများအတွက် လိုအပ်သောဥပဒေများပြဋ္ဌာန်းနိုင်ရေး ဥပဒေပြုရေးမဏ္ဍိုင်နှင့် စဉ်ဆက်မပြတ်ပေါင်းစပ်ညှိနှိုင်းဆောင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယခုအခါ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ရေးဆွဲပြုစုနေကြောင်းသိရှိရသဖြင့် အဆိုပါစီမံကိန်းအောင်မြင်ရေးအတွက် လိုအပ်သည့် ဥပဒေပိုင်းဆိုင်ရာများကို ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့် ကြိုတင်ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ထားသင့်ပါသည်။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တင်သွင်းလိုသည့် ဥပဒေကြမ်းများကို ရှေ့နေချုပ်ရုံးသို့ပေးပို့၍ အကြံပြုချက်ရယူရာတွင် အလွန်ကြန့်ကြာမှုရှိသဖြင့် ရှေ့နေချုပ်ရုံး၏ စွမ်းရည်ကို မြှင့်တင်ရန်လိုအပ်ပါသည်။

၇။ တရားစီရင်ရေးမဏ္ဍိုင်အနေဖြင့်လည်း အထက်ပါမဏ္ဍိုင်ကြီး (၂) ရပ်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား ဥပဒေဆိုင်ရာအကြံဉာဏ်ပေးခြင်း၊ ဟန်ချက်ညီအားဖြည့်ကူညီခြင်း၊ တရားဥပဒေစိုးမိုးရေး ဆိုင်ရာကိစ္စများကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် စီရင်ဆုံးဖြတ်ပေးခြင်းတို့ကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ပါသည်။

## နိဂုံး

၈။ မဏ္ဍိုင်ကြီး (၃) ရပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ရာတွင် မဏ္ဍိုင်ကြီးတစ်ခုနှင့်တစ်ခုအပြန်အလှန်ထိန်းကျောင်းလျက် အပြုသဘောဖြင့် အပြိုင်အဆိုင်တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သော်လည်း မဏ္ဍိုင်ကြီး (၃) ခုအကြား တိုးတက်မှုကို ဆုတ်ယုတ်စေမည့် အားပြိုင်မှုများကို ရှောင်ရှားသင့်ပေသည်။ အားနည်းသောမဏ္ဍိုင်အား အခြားသောမဏ္ဍိုင်များက ဝင်ရောက်စွက်ဖက်လွှမ်းမိုးခြင်းမျိုးမဟုတ်ဘဲ အထောက်အကူပြုစေရန်အတွက်သာ ပံ့ပိုးပေးသင့်ပါသည်။ တွေ့ကြုံလာရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို မဏ္ဍိုင်ကြီး (၃) ရပ်အနေဖြင့် အချင်းချင်းအပြည့်အဝ နားလည်ယုံကြည်မှုဖြင့် ဖေးမကူညီဆောင်ရွက်သွားမည်ဆိုပါက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ အချိန်တိုအတွင်း အလျင်အမြန်ရောက်ရှိလာမည်ဖြစ်ကြောင်း အကြံပြုသုံးသပ် တင်ပြအပ်ပါသည်။

**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ တရားရေးမဏ္ဍိုင်နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရှင်းလင်းတင်ပြချက်**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၀-၉-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်းမှ "ယနေ့ ဒီမိုကရေစီနိုင်ငံတော်ကြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရန် မဏ္ဍိုင်ကြီး ၃ ခုဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ ဟန်ချက်ညီအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အစိုးရ သစ်လက်ထက် ၃ နှစ်ကျော်ကာလအတွင်းမှာ အထိုက်အလျောက် တိုးတက်မှုရှိသည်ကိုတွေ့ရပါကြောင်း၊ မဏ္ဍိုင်ကြီး ၃ ခု ဟန်ချက်ညီဆောင်ရွက်ရာတွင် မဏ္ဍိုင်တစ်ခုချင်းစီအလိုက် အားသာချက်၊ အားနည်းချက်နှင့် စိန်ခေါ်မှုများရှိမည်ဖြစ်ပါကြောင်း၊ မဏ္ဍိုင်ကြီးများအနေဖြင့် ကျန်ရှိသော သက်တမ်းကာလအတွင်း နိုင်ငံဖွံ့ဖြိုး တိုးတက်အောင် ဟန်ချက်ညီဆောင်ရွက်မည့် အနာဂတ်အစီအမံများမည်သို့ချမှတ်ထားပါကြောင်း၊ အနာဂတ် အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စိန်ခေါ်မှုများနှင့်ကြုံတွေ့လာပါက စိန်ခေါ်မှုများကို အားသာချက် အခွင့်အလမ်းများအဖြစ် ဖန်တီးယူနိုင်ရန်အတွက် မည်သည့်နည်းလမ်းများဖြင့် ဖြေရှင်း ဆောင်ရွက်သွားမည်ကို သိလိုပါကြောင်း" မေးမြန်းခဲ့ရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက မဏ္ဍိုင် ၃ ရပ်လုံးကို ကိုယ်စားပြု၍ ရှင်းလင်းဖြေကြားခဲ့ပါသည်။ အဆိုပါမေးခွန်းအပေါ် ဖြေကြားချက်နှင့်စပ်လျဉ်း၍ **"ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သော လွှတ်တော်နှင့် တရားရေး မဏ္ဍိုင်ဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က ပြန်လည်သုံးသပ်တင်ပြရန် လိုအပ်မည်"** ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မှတ်ချက်ပြုပါသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အဆိုပါမေးခွန်း အပေါ် ပြန်လည်သုံးသပ်ရှင်းလင်းဖြေကြားခြင်းဖြစ်ပါသည်။

၂။ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ ပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီ နိုင်ငံတော်တစ်ခုအဖြစ် ပြောင်းလဲတည်ထောင်ခဲ့ရာတွင် အချုပ်အခြာအာဏာ၏ မဏ္ဍိုင်တစ်ရပ်ဖြစ်သော တရားစီရင်ရေးမဏ္ဍိုင်သည်လည်း ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့်အတူ ပေါ်ထွန်းခဲ့ပါသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေတို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

၃။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ ခက်မသုံးဖြာအနက် တရားစီရင်ရေးအာဏာကို ယုံကြည်စွာ အပ်နှင်းခြင်းခံရတဲ့ တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရေးအတွက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး ဥပဒေအရ တရားမျှတမှုကို ဖော်ဆောင်ရန် တာဝန်ရှိကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခံယူထားပြီးဖြစ်ပါသည်။ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ခိုင်မာမှ ဥပဒေစိုးမိုးမှုရှိမည်ဖြစ်ပါသည်။ ဥပဒေစိုးမိုးမှ ပြည်သူများ ဥပဒေဘောင်အတွင်း လုံခြုံအေးချမ်းစွာ နေထိုင်အသက်မွေးဝမ်းကျောင်း ပြုနိုင်မည်ဖြစ်ပါသည်။ ပြည်သူ့ဘဝ လုံခြုံအေးချမ်းပြီး ဒီမိုကရေစီအခွင့်အရေးအပြည့်အဝ ခံစားနိုင်ရေးအတွက် တရားရေးမဏ္ဍိုင်သည် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်တို့နှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပြီး အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုလုပ် သွားမည် ဖြစ်ပါသည်။

၄။ တရားရေးမဏ္ဍိုင်ကြံ့ခိုင်စေရန်အတွက် မဏ္ဍိုင်ကြီး ၃ ရပ် ဟန်ချက်ညီညီ ပူးပေါင်းပြီး အပြန်အလှန် ထိန်းကျောင်းခြင်းမှုနှင့် ဆောင်ရွက်ရာတွင် တရားရေးမဏ္ဍိုင်သည် ကြီးမားသည့်စိန်ခေါ်မှုများနှင့် ကြုံတွေ့ ခဲ့ရပါသည်။ ပထမစိန်ခေါ်မှုမှာ တရားရုံးများအပေါ် မကျေနပ်သူတို့က အာဃာတတရားဖြင့် တရားရုံးများကို အဆက်မပြတ် ဝေဖန်စွပ်စွဲတိုက်ခိုက်ခြင်းဖြစ်ပါသည်။

၅။ တရားစီရင်ရေးဆိုသည်မှာ နိုင်ငံတော်နှင့်ပြည်သူတို့အကြား ဖြစ်ပွားသော မှုခင်းများနှင့် ပြည်သူတို့အချင်းချင်း ဖြစ်ပွားသော မှုခင်းများကို စီရင်ဆုံးဖြတ်ရခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် တရားရုံးသည် မိမိတို့အမှု အောင်မြင်ရေးကို နည်းမျိုးစုံဖြင့် ကြိုးစားနေကြသော နှစ်ဖက်အမှုသည်တို့၏ အမှုကိုအနိုင်အရှုံးဆုံးဖြတ်ပေးရခြင်းဖြစ်ပါသည်။ အမှုဆုံးဖြတ်ရာတွင် တစ်ဖက်ကအနိုင်ရလျှင် တစ်ဖက်ကရှုံးရမည်သာဖြစ်ပါသည်။ ရှုံးသည့်ဘက်အနေဖြင့် တရားရုံးဆုံးဖြတ်ချက်အပေါ် လက်ခံကျေနပ်ရန် ခက်ခဲကြသဖြင့် မိမိတို့အနိုင်ရလိုသည့် ဆန္ဒစွဲကိုအခြေပြုပြီး တစ်ဖက်သတ် ထင်မြင်ယူဆချက်ဖြင့် အထောက်အထားမရှိဘဲ တရားရုံးများကို စွပ်စွဲတိုင်ကြားလေ့ရှိသည်မှာ ဓမ္မတာဖြစ်ပါသည်။

၆။ အမှုသည်၏ တစ်ဖက်သတ်စွပ်စွဲချက်ကို စိစစ်ခြင်းမရှိဘဲ ယုံကြည်လက်ခံပြီး တရားရုံး၏ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်းမရှိကြောင်း၊ ဘက်လိုက်ကြောင်းစွပ်စွဲပြောဆိုခြင်းသည် နှစ်ဖက်တင်ပြချက်ကို နားထောင်ခြင်းမရှိဘဲ တစ်ဖက်သတ်ပြောဆိုခြင်းဖြစ်၍ အမှန်တရားနှင့် အလှမ်းဝေးဖွယ်ရာရှိပါသည်။ တစ်ဖက်သတ်တင်ပြချက်ကို အခြေပြု၍ ဝေဖန်ခြင်း၊ အပြစ်တင်ခြင်း၊ အရေးယူခြင်းတို့ကို စိုးရိမ်နေရသည့် အခြေအနေရှိပါက တရားစီရင်ရေးတာဝန်ထမ်းဆောင်သူအတွက် တရားစီရင်ရေးမဏ္ဍိုင်ကို ဖြောင့်မတ်ကြံ့ခိုင်အောင် ဆောင်ရွက်ရန်အတွက် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။

၇။ ဆက်လက်ပြီးတော့ စိန်ခေါ်မှုများကို အားသာချက်များအဖြစ် ဖန်တီးဖော်ဆောင်သွားမည့် နည်းလမ်းများကို ဆက်လက်တင်ပြမည်ဖြစ်ပါသည်။ ပထမစိန်ခေါ်မှုဖြစ်သည့် အာဃာတဖြင့် တရားရုံးများအပေါ် အခြေအမြစ်မရှိဘဲ အခွင့်ရတိုင်း ဝေဖန်တိုက်ခိုက်ခြင်းသည် တရားရုံး၏ ဂုဏ်သိက္ခာကျဆင်းစေရန် ဆောင်ရွက်ခြင်းသာဖြစ်ပြီး တရားရေးမဏ္ဍိုင် ကြံ့ခိုင်စေရန် အားပေးကူညီခြင်းမဟုတ်သည့်အတွက် မလုပ်ဆောင်သင့်ပါဘူး။ တရားရုံးများက အဂတိလိုက်စားခြင်း၊ တရားစီရင်ရေးတိမ်းစောင်းအောင် ဆောင်ရွက်ခြင်းတို့ တွေ့ရှိပါက တိတိကျကျပြောဆိုတိုင်တန်းနိုင်ပါသည်။ ဤကဲ့သို့ တိုင်ကြားနိုင်သည့် ယန္တရားတစ်ရပ်မက ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ အခြေအမြစ်မရှိဘဲ တရားရေးအဖွဲ့အစည်း တစ်ခုလုံးကို မတရားစွပ်စွဲနေမည့်အစား အဂတိလိုက်စားသည့်တရားသူကြီး၊ တရားရုံးကိုတိတိကျကျ ဖော်ထုတ်တိုင်တန်းခြင်းကသာလျှင် ကြံ့ခိုင်သည့်တရားစီရင်ရေးဖြစ်အောင် အားပေးကူညီရာရောက်မည် ဖြစ်ပါသည်။ အဂတိလိုက်စားကြောင်း၊ လာဘ်စားကြောင်း အထောက်အထားအခိုင်အမာပေါ်ပေါက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူခြင်းအားဖြင့် တရားရုံးအပေါ် ပြည်သူတို့၏ ယုံကြည်အားထားမှုတိုးမြှင့်နိုင်မည်ဖြစ်၍ စိန်ခေါ်မှုကို အားသာချက်အဖြစ် ပြောင်းလဲဖန်တီးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

၈။ ဒုတိယစိန်ခေါ်မှုမှာ တရားစီရင်ရေးအပေါ် ဥပဒေနှင့်မညီဘဲ ဝင်ရောက်စွက်ဖက်မှုဖြစ်ပါသည်။ မဏ္ဍိုင်ကြီး ၃ ရပ်သည် ဟန်ချက်ညီအောင် အချင်းချင်းပူးပေါင်းဆောင်ရွက်ရသည်များရှိသကဲ့သို့ အပြန်အလှန်ထိန်းကျောင်းခြင်းများလည်းရှိပါသည်။ တရားမျှတမှုအတွက် အခွင့်အာဏာကို တိတိကျကျပိုင်းခြားသုံးစွဲရသည်များလည်းရှိပါသည်။ ဤကဲ့သို့ ဆောင်ရွက်ကြရာ၌ အပြန်အလှန်ထိန်းကျောင်းခြင်းအဆင့်ကိုကျော်ပြီး တရားရေးမဏ္ဍိုင်ကို အခြားမဏ္ဍိုင်တစ်ခုခုက အဖွဲ့အစည်းတစ်ခုခုက ဝင်ရောက်စွက်ဖက်လွှမ်းမိုးမည်ဆိုပါက တရားစီရင်ရေးပုံရိပ်ကိုသာမက နိုင်ငံ၏ပုံရိပ်ကိုပါ ထိခိုက်စေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးမှုကို တရားရုံးများက အခိုင်အမာ စောင့်ထိန်းရခြင်းမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

၉။ ဒုတိယစိန်ခေါ်မှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ ၃ ဖြာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုလုပ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်၏ ရည်ရွယ်ရင်းကို သေချာစွာနားလည်သဘောပေါက်ပြီး ဥပဒေပြုရေးမဏ္ဍိုင်က တရားရေးနှင့်သက်ဆိုင်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးခြင်း၊ တရားရေးမဏ္ဍိုင်က ပြဋ္ဌာန်းဥပဒေများနှင့်အညီ တရားစီရင်ခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်က ဥပဒေပြဋ္ဌာန်းချက်၊ တရားရုံးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် မဏ္ဍိုင်ကြီး ၃ ရပ်

ဟန်ချက်ညီညီပူးပေါင်းပြီး ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးမူကို အခိုင်အမာစောင့်ထိန်းခြင်းအားဖြင့် စိန်ခေါ်မှုများကို အားသာချက်အဖြစ် ပြောင်းလဲကာ ကြံ့ခိုင်သည့် တရားရေးမဏ္ဍိုင်၊ ပြည်သူယုံကြည်အားထားသည့် တရားရေးမဏ္ဍိုင်ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၁၀။ တတိယစိန်ခေါ်မှုတစ်ရပ်ကတော့ တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် နားလည်သဘောပေါက်မှုလွဲမှားခြင်းဖြစ်ပါသည်။ တရားရုံးများက အမှန်တရားကိုသာ ရှာဖွေဖော်ထုတ်ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အဆင့်အတန်းတို့ကို ကြည့်ရှုခြင်းမပြုဘဲ ပေါ်ပေါက်သည့် သက်သေခံအထောက်အထားများအရ ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရပါသည်။ အပြစ်ရှိသူတစ်ဦးတစ်ယောက်ကို ပြစ်ဒဏ်ချမှတ်ခြင်းသည် ထိုသူတစ်ဦးတစ်ယောက်နှင့်သာသက်ဆိုင်ပါသည်။ ၎င်းကိုယ်စားပြုသည့် အဖွဲ့အစည်းနှင့်သက်ဆိုင်ခြင်းမရှိပါဘူး။ ပြစ်မှုကျူးလွန်သူတစ်ဦးကို ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ခြင်းကို အဖွဲ့အစည်းကိုထိခိုက်အောင်လုပ်ဆောင်သည်လို့ နားလည်သဘောပေါက်မှုလွဲမှားပြီး ပြောဆိုရေးသားခြင်းသည်လည်း ပြည်သူများက တရားရုံးများအပေါ် အထင်အမြင်လွဲမှားစေနိုင်သည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

၁၁။ တတိယစိန်ခေါ်မှုဖြစ်သည့် တရားရုံး၏ဆောင်ရွက်ချက်အပေါ် နားလည်သဘောပေါက်မှုလွဲမှားခြင်းများ မပေါ်ပေါက်စေရန်အတွက် တရားစီရင်ရေးဆောင်ရွက်ချက်များကို ပြည်သူများအားပွင့်လင်းစွာတင်ပြရန်လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ ပြည်သူများအနေဖြင့် တရားစီရင်ရေးကိုနားလည်သဘောပေါက်ပြီး အမှန်တရားပေါ်ပေါက်ရေးအတွက် ပူးပေါင်းပါဝင်ကာ မှန်ကန်သောတရားစီရင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ပြည်သူများကို အသိပေးရှင်းလင်းရန်အတွက် မီဒီယာများ၏အကူအညီကိုရယူ၍ဆောင်ရွက်မှသာ အဆင်ပြေချောမွေ့မည်ဖြစ်ပါသည်။ နိုင်ငံတော်၏စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ သတင်းမီဒီယာဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ရာ တရားစီရင်ရေးမဏ္ဍိုင်အနေဖြင့် သတင်းမီဒီယာများနှင့်ထိတွေ့ဆက်ဆံရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ပြည်သူလူထုက ပွင့်လင်းမြင်သာစွာ သိမြင်နိုင်စေရန် သတင်းပြန်ကြားရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ တရားရုံးများကပွင့်လင်းမြင်သာသည့် တရားစီရင်ရေးစနစ် ဖော်ဆောင်လာခြင်းသည် အားသာချက်တစ်ရပ်ဖြစ်ပါကြောင်းတင်ပြအပ်ပါသည်။

၁၂။ နောက်စိန်ခေါ်မှုတစ်ရပ်ကတော့ တရားစီရင်ရေးနှင့်သက်ဆိုင်သော တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရှေ့နေရှေ့ရပ်များ၊ တရားစွဲအဖွဲ့အစည်းများနှင့် သက်သေများအားလုံး အရည်အချင်း၊ အရည်အသွေး တိုးတက်မြင့်မားရန် လိုအပ်ချက်ဖြစ်ပါသည်။ တရားရုံးအဆင့်ဆင့်တိုင်းတွင် တရားစီရင်ရေးနှင့်သက်ဆိုင်သူများအားလုံး အရည်အသွေးတိုးတက်မြင့်မားနေမှသာလျှင် အမှန်တရားကို ဖော်ထုတ်နိုင်ပြီးပြည်သူများ ယုံကြည်အားထားသည့် တရားစီရင်ရေးရရှိစေမည်ဖြစ်ပါသည်။

၁၃။ စတုတ္ထစိန်ခေါ်မှုဖြစ်သည့် တရားသူကြီးများ၊ တရားရေးဝန်ထမ်းများနှင့် တရားရုံးဝန်ထမ်းများ၏အရည်အသွေးတိုးတက်မြင့်မားအောင် ဆောင်ရွက်ရာတွင် အဖွဲ့အစည်းအလိုက်သာမက တစ်ဦးချင်းအနေဖြင့်ပါ အရည်အချင်းတိုးတက်မြင့်မားအောင်စီမံချက်ရေးဆွဲဆောင်ရွက်ခြင်း၊ ပြည်တွင်းသင်တန်းများတွင်နိုင်ငံခြားမှပညာရှင်များ လာရောက်ပို့ချစေခြင်း၊ ပြည်ပနိုင်ငံများကို စေလွှတ်၍ ဘွဲ့လွန်သင်တန်းများ၊ ပါရဂူသင်တန်းများတက်ရောက်စေခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အပြည်ပြည်ဆိုင်ရာညီလာခံများတက်ရောက်စေခြင်းတို့ဖြင့် အားသာချက်များ ရရှိစေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၁၄။ ဆက်လက်ပြီးကျန်ရှိသည့် သက်တမ်းကာလအတွင်း တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်ချမှတ်ထားသည့် အနာဂတ်အစီအမံများကို တင်ပြမည်ဖြစ်ပါသည်။

၁၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် တရားစီရင်ရေးကဏ္ဍ၏ ၅ နှစ်စီမံကိန်းနှင့် အနှစ် ၂၀ စီမံကိန်းသက်တမ်းကာလများအလိုက်

ရည်မှန်းချက်များချမှတ်၍ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ တရားစီရင်ရေးဆိုင်ရာ အဓိကရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊

(ခ) ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေး၊

(ဂ) အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊

(ဃ) တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး။

၁၆။ တရားစီရင်ရေးကဏ္ဍအပေါ် စိန်ခေါ်မှုများကို အားသာချက်များအဖြစ် ဖန်တီးနိုင်ရန်နှင့် တရားရေးမဏ္ဍိုင်၏ မူလရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့်မဟာဗျူဟာ ရည်မှန်းချက်များချမှတ်နိုင်ရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ၂၀၁၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် စီမံကိန်းရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်း၍ မဟာဗျူဟာစီမံကိန်းနှင့်အချက်အလက်ဆန်းစစ်လေ့လာမှုဆိုင်ရာ ဆောင်ရွက်မှုတို့ကို စတင်လုပ်ဆောင်ခဲ့ပါသည်။

၁၇။ လက်ရှိတရားရုံးများ၏ ဆောင်ရွက်မှုများအပေါ် လေ့လာအကဲဖြတ်ရန်အတွက် စီမံကိန်းရေးဆွဲရေးအဖွဲ့သည် တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများအပါအဝင် တရားရုံးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အမှုသည်များ၊ သက်သေများ၊ ရှေ့နေများကို တွေ့ဆုံ၍လူတွေ့မေးမြန်းခြင်း၊ အမှုစာရင်းဇယားဆိုင်ရာ အစီရင်ခံစာများအပေါ် ဆန်းစစ်လေ့လာခြင်း၊ တရားသူကြီးများ၏ လွတ်လပ်စွာဆောင်ရွက်မှု၊ တာဝန်ခံမှုနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာမူသဘောများ၊ အာရှ-ပစိဖိတ်ဒေသ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုနှင့် စင်ကာပူနိုင်ငံ၏ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှုအပေါ် လေ့လာခြင်း၊ လေ့လာတွေ့ရှိချက်များကို အခြေခံ၍ UNDP၊ ICJ မှ ကျွမ်းကျင်ပညာရှင်များနှင့် USAID ၏ တရားဥပဒေစိုးမိုးမှုစီမံချက်မှ ကျွမ်းကျင်ပညာရှင်များနှင့် မဟာဗျူဟာစီမံကိန်းရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲနှင့်ပြန်လည်သုံးသပ်သည့် အစည်းအဝေးတို့ကျင်းပ၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ မြန်မာနိုင်ငံ၏တရားစီရင်ရေးဆောင်ရွက်မှုဆိုင်ရာ နယ်ပယ် ၅ ရပ်အပေါ် ဆွေးနွေးခြင်း၊ အကြံပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

၁၈။ ရလဒ်အနေဖြင့်တရားစီရင်ရေးဆောင်ရွက်မှုဆိုင်ရာ နယ်ပယ် ၅ ရပ်အနက် အမှုများကိုစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်မှု (Expedition and Timeliness)၊ တရားစီရင်ရေး၏ တန်းတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာ (Equity, Fairness and Integrity) နှင့် တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှု (Independence and Accountability) တို့တွင် အစဉ်အလိုက်အားကောင်းသော်လည်း လူထု၏ တရားမျှတမှုလက်လှမ်းမီရေး (Access to Justice) နှင့် တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်မှု (Public trust and confidence) အားနည်းသည်ကို သုံးသပ်တွေ့ရှိခဲ့ရပါသည်။

၁၉။ သို့အတွက် လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုများကို ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ၃ နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇ ခုနှစ်) ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ထိုမဟာဗျူဟာစီမံကိန်းတွင် မဟာဗျူဟာဖော်ဆောင်မည့် နယ်ပယ် ၅ ရပ်ကို အောက်ပါအတိုင်း ပိုင်းခြားသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) အများပြည်သူ၏ တရားမျှတမှုလက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ခ) လူထု၏ အသိအမြင်ကို မြှင့်တင်ပေးရန်၊

(ဂ) တရားစီရင်ရေး၏ လွတ်လပ်မှုနှင့် တာဝန်ယူဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးရန်၊

(ဃ) တရားစီရင်ရေး၏ သာတူညီမျှမှု၊ မျှတမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ် ထိန်းသိမ်းရန်၊

(င) အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းလာစေရန်။

၂၀။ မဟာဗျူဟာ ဖော်ဆောင်မည့် နယ်ပယ် ၅ ရပ်အတွက် ချမှတ်ထားသော မဟာဗျူဟာရည်မှန်းချက် ၁၂ ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တရားရုံးဝန်ဆောင်မှုလုပ်ငန်းများကို အလွယ်တကူ လက်လှမ်းမီနိုင်ရေးတိုးမြှင့်လုပ်ဆောင်ရန်၊

(ခ) ပြည်သူများ၊ အမှုသည်များနှင့် တရားပြိုင်များအားလုံးကို ယဉ်ကျေးမှု၊ လေးစားမှုနှင့် လိုလားစွာ ဆက်ဆံပေးရန်၊

(ဂ) တရားရုံးဝန်ဆောင်မှုများကို ပြည်သူများ လက်လှမ်းမီစေရေးအတွက် တရားရုံးများကို ပေါင်းစည်းထားသော ဒီဇိုင်းပုံစံများဖြင့် ပြန်လည်မွမ်းမံရန်၊

(ဃ) သတင်းမီဒီယာများ၊ ပြည်သူများနှင့်ဆက်ဆံပြောဆိုမှု (Communication with Media and the Public) ကို မြှင့်တင်ရန်၊

(င) တရားရုံး-လူအစုအဖွဲ့အစည်း သတင်းအချက်အလက်ဆိုင်ရာ အစီအစဉ်များ (Court-Community Information Program) ကို တိုးမြှင့်လုပ်ဆောင်ရန်၊

(စ) ပြည်သူ့ဘဏ္ဍာကိုအသုံးပြုရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှုရှိစေရန်အတွက် ဘတ်ဂျက်နှင့် ငွေအသုံးစရိတ်ရှင်းတမ်းများကို စီမံကြီးကြပ်ခြင်း၊ မှန်ကန်မျှတသည့် တစ်စုတစ်စည်းတည်းသော ဘတ်ဂျက်ကို စီမံကြီးကြပ်ရေးအတွက် စွမ်းဆောင်ရည်တိုးမြှင့်ရန်၊

(ဆ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် ထိရောက်မှုရှိသည့် တရားစီရင်ရေး စီမံခန့်ခွဲမှုအတွက် လိုအပ်သည့် စွမ်းဆောင်ရည်များကို မြှင့်တင်ရန်၊

(ဇ) တရားသူကြီးများ၊ တရားရုံးဝန်ထမ်းများ၏ လုပ်ကိုင်နိုင်စွမ်း၊ စွမ်းရည်နှင့် ဗဟုသုတများကိုတိုးမြှင့်ပေးရန်၊

(ဈ) တရားသူကြီးများ၏ အတတ်ပညာတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်၊

(ည) မှုခင်းလုပ်ငန်းစဉ်များ အချိန်မီဆောင်ရွက်နိုင်မှုတိုးတက်လာစေရေးအတွက် ရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အကောင်းဆုံးကျင့်စဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်၊

(ဋ) ထိရောက်မှုမြှင့်တင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာ အဓိကလုပ်ငန်းစဉ်များကို လူကိုယ်တိုင်အစား စက်များဖြင့် လုပ်ဆောင်ရန်နှင့် လိုအပ်ပါက ထိရောက်သော လုပ်ငန်းစနစ်အသုံးပြုခြင်းကို စတင်ဆောင်ရွက်ရန်၊

(ဌ) ရှေ့ပြေးတရားရုံး၏ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (Case Management) မှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု မြှင့်တင်ရေးအတွက် ဥပဒေပြုပြင်ပြောင်းလဲမှုများကို ဖော်ထုတ်ရန်။

၂၁။ မဟာဗျူဟာအစီအစဉ်များ အကောင်အထည်ဖော်ရန်အတွက် ဦးစားပေးအဆင့် ၃ ဆင့်သတ်မှတ်ထားပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်သည် မြန်မာနိုင်ငံဆိုင်ရာ လုပ်ငန်းအစီအစဉ် (Country Programme) ဆောင်ရွက်နေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ (ဥပမာ -UNDP ၊ UNICEF၊ UNODC) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် သဘောတူညီမှု/နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ (ဥပမာ - JICA ၊ USAID)၊ နိုင်ငံခြားအစိုးရအဖွဲ့အစည်းများ၊ အာဆီယံ တရားရေးအဖွဲ့အစည်းများ၊ စင်ကာပူဥပဒေရေးရာဝန်ကြီးဌာန စသည်တို့နှင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်း၏ ပထမနှစ်စီမံကိန်းတွင် ပါဝင်သည့် ရှေ့ပြေးတရားရုံး အစီအစဉ်အတွက် တောင်ငူခရိုင်တရားရုံး၊ ဘားအံမြို့နယ်တရားရုံးနှင့် လှိုင်သာယာမြို့နယ်တရားရုံးတို့တွင် ကြိုတင်လုပ်ငန်းများ စတင်လုပ်ဆောင်လျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အနာဂတ်အစီအမံများကို သိရှိနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေပုဒ်မ ၉၅၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားမှုအပေါ် စီမံခန့်ခွဲမှုကော်မတီက ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေးအတွက် သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ခွင့် လျှောက်ထားခြင်းဆိုင်ရာ စည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အဆိုပြုချက်တင်ပြခြင်း**

၁။ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံလိုသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိလိုပါက အဆိုပြုလွှာ **ပုံစံ(၁) ငါးစုံဖြင့်** သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ **ပုံစံ (၁)** နှင့်အတူ အောက်ပါတို့နှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို ပူးတွဲတင်ပြရမည် -

(က) အထူးစီးပွားရေးဇုန်အတွင်းရှိ မြေနေရာနှင့် စက်ရုံနေရာ လျာထားချက်၊

(ခ) ရေသွယ်ရေး အစီအစဉ်၊

(ဂ) လျှပ်စစ်မီးသွယ်တန်းမည့် အစီအစဉ်၊

(ဃ) အဆောက်အအုံ ဆောက်လုပ်မည့် အစီအစဉ်၊

(င) စက်ပစ္စည်းတပ်ဆင်ရေးအစီအစဉ်၊

(စ) ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ထိန်းသိမ်းရေးအစီအစဉ်၊

(ဆ) အဆိုပြုလုပ်ငန်း၏ စီမံကိန်းအစီရင်ခံစာ အသေးစိတ်၊

(ဇ) အခြားလိုအပ်သောအချက်များ။

**အခန်း (၂)**

**ခွင့်ပြုမိန့်ထုတ်ပေးခြင်း**

၂။ စီမံခန့်ခွဲမှုကော်မတီသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုလွှာကို လက်ခံရရှိသည့်နေ့မှ **ရက်ပေါင်း ၃၀ အတွင်း** ခွင့်ပြုသည် သို့မဟုတ် မှတ်ချက်ဖြင့် ခွင့်ပြုသည် သို့မဟုတ် ငြင်းပယ်သည်ဟု ဆုံးဖြတ်ရမည်။ လျှောက်ထားသူ၏ လျှောက်ထားချက်ကို မှတ်ချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုပါက အကျိုးအကြောင်း ရေးသားဖော်ပြ၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

၃။ စီမံခန့်ခွဲမှုကော်မတီသည် အဆိုပြုလွှာကို ခွင့်ပြုပါက ခွင့်ပြုမိန့် **ပုံစံ (၂)** ကို ထုတ်ပေးရမည်။ ခွင့်ပြုမိန့်တွင် ကုန်သွယ်ခြင်း သို့မဟုတ် သိုလှောင်ခြင်း အပါအဝင် ထုတ်လုပ်မည့်ကုန်ပစ္စည်း၊ ထုတ်ကုန်ကို ပြည်တွင်း အကောက်ခွန်နယ်မြေတွင် ရောင်းချရန် ကန့်သတ်ချက်အပါအဝင် စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သော စည်းကမ်းချက်များ ပါရှိရမည်။

၄။ အောက်ဖော်ပြပါ စီးပွားရေးလုပ်ငန်း အမျိုးအစားများကို အထူးစီးပွားရေးဇုန်အတွင်း နေရာချထားဆောင်ရွက်ခွင့်ပြုနိုင်သည် -

(က) တားမြစ်ထားသောလုပ်ငန်းများမှအပ အခြားလုပ်ငန်းများ၊

(ခ) ပြည်ပရှိ ကုန်ပစ္စည်းထောက်ပံ့သူ၏ တာဝန်ခံမှုဖြင့် ကုန်ပစ္စည်းပိုင်ရှင်၏ ညွှန်ကြားချက်နှင့်အညီ ကုန်ပစ္စည်းများ ဖြန့်ဖြူးရန် ထိန်းသိမ်းထားရှိပြီး အဆိုပါကုန်ပစ္စည်းများကို တံဆိပ်တပ်၍ဖြစ်စေ- တံဆိပ်တပ်ခြင်းမပြုဘဲဖြစ်စေ ရောင်းဝယ်မှုပြုခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်မှုမပြုဘဲ ထုပ်ပိုးခြင်းကို ဖြစ်စေ၊ ပြုပြင်ထုပ်ပိုးခြင်းကိုဖြစ်စေ ဆောင်ရွက်ခြင်း၊

(ဂ) အအေးခန်းအတွင်း သိုလှောင်ရမည့် ပစ္စည်းများ တင်သွင်းသိုလှောင်ခြင်းနှင့် ထုတ်လုပ်မှု လုပ်ငန်းစဉ်အလိုက် ပစ္စည်းအစိတ်အပိုင်း အများအပြားတင်သွင်း၍ အပြီးသတ်တပ်ဆင်ခြင်း (Complete Knot-Down) သို့မဟုတ် တစ်ပိုင်းတစ်စတပ်ဆင်ပြီးဖြစ်သော အစိတ်အပိုင်းများကို တင်သွင်း၍ အပြီးသတ် တပ်ဆင်ခြင်း (Semi Knot-Down)။

၅။ အထူးစီးပွားရေးဇုန်အတွင်း အောက်ပါလုပ်ငန်းများကို ခွင့်မပြုရန် တားမြစ်သည် -

(က) လက်နက်၊ လက်နက်ကိရိယာ၊ စစ်သုံးဖောက်ခွဲရေးပစ္စည်း ထုတ်လုပ်တပ်ဆင်ခြင်းနှင့် စစ်ဘက် ဆိုင်ရာအတွက် ရည်ရွယ်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ၊

(ခ) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို အန္တရာယ်ဖြစ်စေနိုင်သော ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊

(ဂ) ပြည်ပသို့ ဝန်ဆောင်မှုပေးသည့် စွန့်ပစ်ပစ္စည်းများကို အသုံးပြုကာ ပြန်လည်ထုတ်လုပ်သော စက်ရုံများ၊

(ဃ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊

(င) အများပြည်သူကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသဖြင့် နိုင်ငံတကာစည်းမျဉ်း များ သို့မဟုတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တားမြစ်ပိတ်ပင်ထားသည့် အဆိပ်သင့်စေသော ဓာတု ပစ္စည်းများ၊ စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများနှင့် ဓာတုဆေးဝါးများပါဝင်သည့် အခြားပစ္စည်းများ တင်သွင်းခြင်း သို့မဟုတ် ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊

(စ) နိုင်ငံခြားမှတင်သွင်းသော စက်မှုစွန့်ပစ်ပစ္စည်းအသုံးပြုသည့် လုပ်ငန်းများ၊

(ဆ) အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေနိုင်သော တားမြစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း လုပ်ငန်းများ၊

(ဇ) ကျောက်ဂွမ်းဖြင့် ပြုလုပ်ထားသည့် ပစ္စည်းထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ရောင်းချခြင်း၊

(ဈ) အများပြည်သူကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း။

၆။ အောက်ပါတို့နှင့် စပ်လျဉ်းသော စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားချက်များကို ခွင့်မပြုရ-

(က) အကယ်၍ အဆိုပြုခဲ့သော စီမံကိန်းသည် အညစ်အကြေးများ ထိန်းချုပ်ခြင်းနှင့် ပြန်လည် အသုံးချခြင်းဆိုင်ရာစနစ်များနှင့် ပတ်သက်၍ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော ပလတ်စတစ် သို့မဟုတ် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုခြင်း၊

(ခ) ပြန်လည်အသုံးပြုသောအဝတ်နှင့် အဝတ်အထည်များ သို့မဟုတ် အသုံးပြုပြီးသော အဝတ်အထည် များ၊ အသုံးပြုပြီးသော ချည်မျှင်နှင့်အထည်များ၊ စက်ရုံသုံးအဝတ်စုတ်များ၊ အရည်အသွေး မကောင်းသော သိုးမွေးအစများ၊ ချည်ခင်များ၊ စောင်များ၊ ပဝါများကို ပြန်လည်အသုံးပြုခြင်း၊

(ဂ) ပြည်ပမှ အသုံးပြုပြီးသောပစ္စည်းများအား တင်သွင်း၍ပြုပြင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းနှင့် ထပ်မံ တီထွင် ဆန်းသစ်ခြင်း၊ အင်ဂျင်ပစ္စည်းများ ပြုပြင်ခြင်း၊

(ဃ) နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်သော ဓာတုပစ္စည်းများ၊ သက်ရှိသတ္တဝါများ၊ အရာဝတ္ထုများ၊ စက်မှုစက်ပစ္စည်းများနှင့် နည်းပညာများကိုတင်ပို့ခြင်း။

## အခန်း (၃)
## ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် လိုအပ်ချက်များ

၇။ သီလဝါအထူးစီးပွားရေးဇုန်အတွင်း အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်-

(က) ကုန်သွယ်ခြင်း၊

(ခ) အိမ်ရာ၊ ဟိုတယ်၊ အရောင်းစင်တာများ အပါအဝင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်း၊
(ဂ) နည်းပညာနှင့်ဒီဇိုင်း၊
(ဃ) ကုန်သိုလှောင်ရုံနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊
(င) သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးဝန်ဆောင်မှုများ၊
(စ) ကွန်ပျူတာဆော့ဖ်ဝဲ ဝန်ဆောင်မှု၊
(ဆ) စီးပွားရေးတွေ့ဆုံဆွေးနွေးသည့်နေရာများ၊ သတင်းအချက်အလက်များ ထုတ်လုပ်ပေးသည့် နေရာများ၊ လူသားအရင်းအမြစ် ဝန်ဆောင်မှုအာမခံ ရှင်းလင်းရေးလုပ်ငန်းများ၊ ဥပဒေဆိုင်ရာ အချက်အလက်၊ ဆေးပညာဆိုင်ရာမှတ်တမ်း၊ ငွေပေးငွေယူမှတ်တမ်းများ၊ အဝေးထိန်းလုပ်ငန်းများ၊ အခွန်စာရင်းများ၊ အထောက်အကူပြုစင်တာများ၊ ဝက်ဘ်ဆိုက်ဝန်ဆောင်မှု၊ အထူးဖန်တီးချက်နှင့် ဒီဇိုင်းများရေးဆွဲခြင်းစသည့် သတင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုပေးသော လုပ်ငန်းများ၊
(ဇ) လက်လီလက်ကားရောင်းချခြင်းများပါဝင်သည့် ဖြန့်ချိရေးဝန်ဆောင်မှု၊
(ဈ) ငွေရေးကြေးရေးဝန်ဆောင်မှု၊
(ည) ဥပဒေနှင့် စာရင်းကိုင် ဝန်ဆောင်မှုမပါ ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှု၊
(ဋ) နှစ်တို၊ နှစ်ရှည် ငှားရမ်းခြင်းဝန်ဆောင်မှု၊
(ဌ) အကြံပေးလုပ်ငန်းအပါအဝင် အခြားဝန်ဆောင်မှုများ၊
(ဍ) ဆောက်လုပ်ရေးနှင့် အခြားသက်ဆိုင်သော ဝန်ဆောင်မှုများ၊
(ပ) ပညာရေးဝန်ဆောင်မှု၊
(ဏ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ဆောင်မှုများ၊
(တ) ဆေးရုံနှင့် ကျန်းမာရေးဝန်ဆောင်မှုများ၊
(ထ) ခရီးသွားလုပ်ငန်းနှင့် ဆက်နွယ်သော ဝန်ဆောင်မှုများ၊
(ဒ) အပန်းဖြေခြင်းနှင့် ဖျော်ဖြေရေး ဝန်ဆောင်မှုများ၊
(ဓ) ယဉ်ကျေးမှုနှင့် အားကစားဝန်ဆောင်မှုများ၊
(န) သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုများ။

၈။ ရင်းနှီးမြှုပ်နှံသူသည် စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့် ရရှိရန် -
(က) ရင်းနှီးမြှုပ်နှံရန် အဆိုပြုမြေနေရာအသုံးပြုရေးအတွက် ရင်းနှီးတည်ဆောက်သူထံမှ စာဖြင့်အတည်ပြုချက်ရရှိထားရမည်ဖြစ်ပြီး စီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ရရှိသည့်အခါ မြေငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့် သဘောတူစာချုပ် ချုပ်ဆိုရမည်။
(ခ) ငှားရမ်းမှုသဘောတူစာချုပ် မိတ္တူတစ်စုံကို **ခွင့်ပြုမိန့်ရရှိပြီး ခြောက်လအတွင်း** သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့ရမည်။ ဤသို့ ဆောင်ရွက်ရန် ပျက်ကွက်ပါက စီမံခန့်ခွဲမှုကော်မတီသည် ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။
(ဂ) လိုအပ်ပါက လျှောက်ထားသူသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လေထုညစ်ညမ်းမှုထိန်းသိမ်းရေး စံချိန်စံညွှန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။
(ဃ) လျှောက်ထားသူသည် မိမိကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် စီးပွားဖက်အဖွဲ့များမှ ပုဂ္ဂိုလ်များက ပြည်တွင်းတွင်နေထိုင်ကြောင်း အထောက်အထား၊ နိုင်ငံကူးလက်မှတ်နှင့် အခြားလိုအပ်သည့် အထောက်အထား အချက်အလက်များကို စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရမည်။
(င) လျှောက်ထားသူသည် သက်ဆိုင်ရာဌာနများမှ အခွန်ကိစ္စ စိစစ်ဆောင်ရွက်ပြီးကြောင်း အထောက်အထား သို့မဟုတ် ကုမ္ပဏီ၏ လွန်ခဲ့သောသုံးနှစ်အတွက် စာရင်းစစ်ဆေးပြီး လက်ကျန်ရှင်းတမ်းကို တင်ပြရမည်။

၉။ ပြည်ပရှိ လုပ်ငန်းများသို့ ဝန်ဆောင်မှုပေးသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ -
(က) မတည်ပစ္စည်းများ၊ စားသုံးကုန်ပစ္စည်းများ၊ တစ်စိတ်တစ်ပိုင်း တပ်ဆင်ပြီးပစ္စည်းများ၊ အစိတ်အပိုင်းများ၊ တစ်ဝက်တစ်ပျက် အချောထည်ပစ္စည်းများ ပါဝင်သော ကုန်ကြမ်းပစ္စည်းများအား ပြည်ပလုပ်ငန်းများမှ အခမဲ့ထောက်ပံ့ပေးရမည်။
(ခ) လုပ်ငန်းများ တည်ထောင်ရန်အတွက် မတည်ပစ္စည်းများကို ချေးငွေစနစ် သို့မဟုတ် ငှားရမ်းခြင်းစနစ်ဖြင့် လုပ်ဆောင်နိုင်သည်။

(ဂ) ပြည်ပလုပ်ငန်းရှင်သည် ကုန်ချောပစ္စည်းများကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် အကောက်ခွန် မပေးဆောင်မီ ထိန်းသိမ်းထားနိုင်သည့် သိုလှောင်ရုံ (Bonded Warehouse) သို့ လွှဲပြောင်း ပေးပို့ခြင်းလုပ်ငန်းများကို ပြည်ပလုပ်ငန်းရှင်၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဃ) စီးပွားရေးလုပ်ငန်းသည် ပြည်ပအဖွဲ့အစည်းများထံမှ ၎င်းတို့၏ထုတ်ကုန်ပစ္စည်းများထုတ်လုပ် ပေးခြင်းအတွက် ရရှိငွေများကို လဲလှယ်နိုင်သော နိုင်ငံခြားငွေဖြင့် တိုက်ရိုက်လက်ခံခွင့်ရှိသည်။

(င) ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကိုယ်ပိုင်စာရင်း၊ သီးခြား စာရင်းများထားရှိ၍ ဆောင်ရွက်ရမည်။

၁၀။ ရင်းနှီးမြှုပ်နှံသူသည် အထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုအတွက် စီမံခန့်ခွဲမှု ကော်မတီ၏ ခွင့်ပြုချက်ရရှိရန် -

(က) ကင်းလွတ်ဇုန်အတွင်းရှိ လုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းဖြစ်ပြီး ပို့ကုန်ဦးစားပေး ကုန်ထုတ်လုပ်ငန်းမှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းကို ပြည်ပနိုင်ငံ များသို့ တင်ပို့မည့်လုပ်ငန်းဖြစ်လျှင် အနည်းဆုံးထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန် ဒေါ်လာ ၇၅၀,၀၀၀** နှင့်ညီမျှရမည်။

(ခ) ကင်းလွတ်ဇုန်အတွင်းရှိလုပ်ငန်း သို့မဟုတ် ကင်းလွတ်ဇုန်လုပ်ငန်းဖြစ်ပြီး စုစုပေါင်းထုတ်လုပ်မှု တန်ဖိုး၏ အနည်းဆုံး ၈၀ ရာခိုင်နှုန်းကို ကင်းလွတ်ဇုန်အတွင်းရှိ ပြည်ပနိုင်ငံများသို့ တင်ပို့မည့် လုပ်ငန်းအား ထောက်ပံ့သည့် အထောက်အကူပြုလုပ်ငန်းဖြစ်လျှင် အနည်းဆုံးထည့်ဝင်ရင်းနှီးငွေ ပမာဏသည် အမေရိကန်ဒေါ်လာ **၃၀၀,၀၀၀** နှင့်ညီမျှရမည်။

(ဂ) ကင်းလွတ်ဇုန်အတွင်း ကုန်သွယ်မှုလုပ်ငန်းနှင့် ပို့ကုန်နှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အနည်းဆုံးထည့်ဝင်ရင်းနှီးငွေပမာဏသည် **အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀** နှင့်ညီမျှရမည်။

(ဃ) ကင်းလွတ်ဇုန်တွင် ထောက်ပံ့ဖြည့်ဆည်းရေးလုပ်ငန်းဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်း၏ ထည့်ဝင်ပြီး မတည်ငွေရင်းသည် အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ် (Special Drawing Right) အနည်းဆုံး ၈၀,၀၀၀ သော်လည်းကောင်း၊ ထိုအထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့်ငွေလဲနှုန်းနှင့်ညီမျှသော မြန်မာကျပ်ငွေသော်လည်း ကောင်း၊ စီးပွားရေးလုပ်ငန်းပိုင်သည့် ထိုအနည်းဆုံးယူနစ်ပမာဏနှင့် ညီမျှသောတန်ဖိုးထက်မနည်း ငွေချေးသက်သေခံလက်မှတ် သို့မဟုတ် ပစ္စည်းသော်လည်းကောင်း ရှိရမည်။

(င) ကင်းလွတ်ဇုန်အတွင်းရှိ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြခန်း၏ အနည်းဆုံးထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀** နှင့် ညီမျှရမည်။

(စ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၏ အနည်းဆုံးထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန်ဒေါ်လာ ၃၀၀,၀၀၀** နှင့်ညီမျှရမည်။

(ဆ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ ဝန်ဆောင်မှုလုပ်ငန်းများ၏ အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန်ဒေါ်လာ ၃၀၀,၀၀၀** နှင့် ညီမျှရမည်။

(ဇ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်း ဆောင်ရွက်သည့် ကုန်တိုက်များ၊ ကွန်ဒိုများ၊ လူနေအိမ်ရာများ တည်ဆောက်ခြင်းအစရှိသည်တို့ အပါအဝင် အိမ်ခြံမြေလုပ်ငန်း၏ အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန်ဒေါ်လာ ၅,၀၀၀,၀၀၀** နှင့် ညီမျှရမည်။

(ဈ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းတွင် ရင်းနှီးမြှုပ်နှံသည့် ဟိုတယ်လုပ်ငန်းသည် အနည်းဆုံး ကြယ် သုံးပွင့်အဆင့် ရှိရမည်။

(ည) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ လေ့ကျင့်ရေးကျောင်းများ၊ အသက်မွေးဝမ်းကျောင်းပညာသင် ကျောင်းများနှင့် စာသင်ကျောင်းများတည်ထောင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ အနည်းဆုံး ထည့်ဝင်ရင်းနှီးငွေ ပမာဏသည် **အမေရိကန်ဒေါ်လာ ၂,၀၀၀,၀၀၀** နှင့်ညီမျှရမည်။

(ဋ) လုပ်ငန်းမြှင့်တင်ရေးဇုန်အတွင်းရှိ ဆေးရုံများမှာ အနည်းဆုံးကုတင် **၁၀၀** ပါရှိရမည်ဖြစ်ပြီး ခေတ်မီ ဆေးဝါးကုသခြင်း၊ အဆင့်မြင့် စမ်းသပ်စက်နှင့် ကိရိယာများ၊ ခါတ်ခွဲခန်းများ၊ ခွဲစိတ်ခန်း များ ပါဝင်ရမည်။

ဒေါက်တာကံဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပုံစံ-(၁)

## အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် လျှောက်လွှာ

၁။ အထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း
၂။ အထူးစီးပွားရေးဇုန်တွင် မြေ/စက်မှုလုပ်ငန်းအတွက် ခွဲတမ်းချပေးသောနေရာ
၃။ ရေပေးဝေခြင်း
၄။ လျှပ်စစ်မီး ဆက်သွယ်မှု
၅။ အဆောက်အအုံ ခွင့်ပြုချက်
၆။ စက်ရုံများ စစ်ဆေးပြီးကြောင်း အတည်ပြုချက်
၇။ ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းချုပ်ရှင်းလင်းဆောင်ရွက်ခြင်း (လိုအပ်သလို)
၈။ နိုင်ငံတော်အစိုးရထံမှလိုအပ်သော အခြားခွင့်ပြုချက်များ

**ရုံးမှဆောင်ရွက်ရန်**

လျှောက်လွှာအမှတ် -----------
ရက်စွဲ ----------------------

**ဘဏ်ငွေလွှဲစာ**

စုစုပေါင်းကျပ်ငွေ
ငွေလွှဲစာအမှတ်
ငွေလွှဲစာရက်စွဲ
ထုတ်ယူသော (ဘဏ်အမည်)
ပေးရန်သင့်ငွေ

### အပိုင်း (၁)
### ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုချက်

ရက်စွဲ။ -------------------

၁။ လျှောက်ထားသူ၏ ကုမ္ပဏီ/အဖွဲ့အစည်းအမည်၊ နေရပ်လိပ်စာ အပြည့်အစုံ (ကန့်သတ် ကုမ္ပဏီဖြစ်လျှင် မှတ်ပုံတင်ထားသော ရုံးနှင့် အခြားအမျိုးအစားဖြစ်လျှင် ရုံးချုပ်ကို ဖော်ပြရန်)

(က) တယ်လီဖုန်းအမှတ်
(ခ) ဖက်စ်အမှတ်
(ဂ) အီးမေးလ်လိပ်စာ
(ဃ) Website လိပ်စာ
(င) ကုမ္ပဏီ ကိုယ်စားလှယ်၏ နိုင်ငံကူးလက်မှတ်
(စ) ဘဏ်၏ အမည်၊ လိပ်စာနှင့်တကွ ငွေစာရင်းအမှတ်
(ဆ) ထိုးမြဲလက်မှတ်
(ဇ) ဝင်ငွေခွန် မှတ်ပုံတင်လက်မှတ် (ပူးတွဲမိတ္တူဖြင့်)

၂။ လျှောက်ထားသည့်လုပ်ငန်းဖွဲ့စည်းပုံ (မှန်ကန်သောအချက်ကို အမှန်ခြစ်ပါ။)

(က) အများပိုင်ကုမ္ပဏီလီမိတက်

(ခ) ပုဂ္ဂလိကပိုင်ကုမ္ပဏီလီမိတက်

(ဂ) တစ်ဦးတည်းပိုင်လုပ်ငန်း

(ဃ) အစုစပ်လုပ်ငန်း

(င) အခြား (အသေးစိတ်)
(ကုမ္ပဏီဖြစ်ပါက သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊ အစုစပ်လုပ်ငန်းဖြစ်ပါက အစုစပ်လုပ်ငန်း သဘောတူစာချုပ်၊ အစုဝင်များ၏ လုပ်ငန်းများကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရန်ဖြစ်သည်)

၃။ ဆောင်ရွက်မည့်စက်မှုလုပ်ငန်း

(က) အကြီးစား

(ခ) အလတ်စား

(ဂ) အသေးစား

၄။ ဒါရိုက်တာများ၊ အစုစပ်ဝင်များ၊ တစ်ဦးတည်းပိုင်လုပ်ငန်းရှင်များ၏ အမည်၊ နေရပ်လိပ်စာ အပြည့်အစုံနှင့်တကွ ဖုန်းနံပါတ်များ

---

၅။ ကုန်ထုတ်လုပ်ခြင်း/ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အမျိုးအစား (ထုတ်ကုန်နှင့် တွဲဖက်ထုတ်ကုန်) လိုအပ်ပါက စာရွက်စာတမ်းများပူးတွဲတင်ပြရန်၊ လုပ်ငန်းအမျိုးအစားများဖော်ပြချက် ထွက်ရှိနိုင်သည့် အရေအတွက် (ယူနစ်) (ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပါက ဖော်ပြရန်မလို)

၆။ ရင်းနှီးမြှုပ်နှံမှု (ကျပ်ထောင်ပေါင်း)

(က) စက်ရုံနှင့် စက်ပစ္စည်း

(၁) ပြည်တွင်းကုန်ပစ္စည်း

(၂) သွင်းကုန်ပစ္စည်း CIF တန်ဖိုး

(၃) စုစုပေါင်း (၁)+(၂)

(ခ) ဘဏ္ဍာရေးဆိုင်ရာအသေးစိတ်အချက်အလက်များ

၇။ သွင်းကုန်ပစ္စည်းနှင့် ပြည်တွင်းကုန်ပစ္စည်း လိုအပ်ချက်နှင့် အခြားသွင်းအားစုများ (ကျပ်ထောင်ပေါင်း) သွင်းကုန်ပစ္စည်း၊ ပြည်တွင်းကုန်ပစ္စည်း

(က) မတည်ရင်းနှီးကုန်ပစ္စည်းများ

(ခ) ငါးနှစ်အတွက် ကုန်ကြမ်းပစ္စည်းများ၊ အစိတ်အပိုင်းများ၊ စားသုံးကုန်ပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများနှင့် လောင်စာဆီများ (လုပ်ငန်းအစီရင်ခံစာတွင် မတည်ရင်းနှီးကုန်ပစ္စည်းများ၏ အသေးစိတ်စာရင်း၊ ကုန်ကြမ်းပစ္စည်း လိုအပ်ချက်များနှင့် အခြားသော သွင်းအားစုများ စသည်တို့ကို အသေးစိတ် ဖော်ပြရန်) စုစုပေါင်း

၈။ အခြေခံအဆောက်အအုံ လိုအပ်ချက်များ

(က) မြေလိုအပ်ချက် (စတုရန်းမီတာအကျယ်အဝန်း)

(၁) စက်ရုံနှင့်ရုံးများ

(၂) သိုလှောင်ရုံ/သိုလှောင်ထားရှိမှု

(၃) အခြား

(ခ) တည်ဆောက်မှုမြေနေရာ လိုအပ်ချက်

(ဂ) ရေလိုအပ်ချက် (ကုဗမီတာဖြင့် ဖော်ပြရန်)

(၁) စက်ရုံအတွက် လိုအပ်မည့်ရေပမာဏ

(၂) သောက်သုံးရေ

(၃) အခြား

(၄) စုစုပေါင်းလိုအပ်ချက်

(ဃ) စွန့်ပစ်ပစ္စည်း၊ အညစ်ကြေးများနှင့်ပတ်သက်၍ ဆောင်ရွက်ခြင်း

(၁) ပစ္စည်းပမာဏ၊ စွန့်ပစ်ပစ္စည်းများ၏ သဘာဝနှင့် စွန့်ပစ်သည့် နည်းစနစ်

(၂) စွန့်ပစ်ပစ္စည်း ဆောင်ရွက်ရန် ကိုယ်ပိုင်စက်ရုံ ဖန်တီးထားခြင်း ရှိ/မရှိ ဖော်ပြရန်။

(င) လျှပ်စစ်စွမ်းအား လိုအပ်ချက် (KVA ဖြင့်ဖော်ပြရန်)

၉။ အလုပ်သမားခန့်ထားခြင်းနှင့်ပတ်သက်သောလျာထားချက်

| နှစ် | လုပ်ငန်းအဆင့် | ကျား | မ |
|---|---|---|---|
| ပထမနှစ် | မန်နေဂျာအဆင့် | | |
| | နည်းပညာကျွမ်းကျင် | | |
| | အလုပ်သမားများ | | |
| ဒုတိယနှစ် | မန်နေဂျာအဆင့် | | |
| | နည်းပညာကျွမ်းကျင် | | |
| | အလုပ်သမားများ | | |
| တတိယနှစ် | မန်နေဂျာအဆင့် | | |
| | နည်းပညာကျွမ်းကျင် | | |
| | အလုပ်သမားများ | | |
| စတုတ္ထနှစ် | မန်နေဂျာအဆင့် | | |
| | နည်းပညာကျွမ်းကျင် | | |
| | အလုပ်သမားများ | | |
| ပဉ္စမနှစ် | မန်နေဂျာအဆင့် | | |
| | နည်းပညာကျွမ်းကျင် | | |
| | အလုပ်သမားများ | | |

၁၀။ နိုင်ငံခြားပူးပေါင်းဆောင်ရွက်မှု စာချုပ်များ ချုပ်ဆိုနိုင်သည့် အလားအလာရှိ/မရှိ

---------------------------------

(က) ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားသားလုပ်ငန်းရှင်၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ

(ခ) ပူးပေါင်းဆောင်ရွက်သည့် သဘောသဘာဝ

(၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် တည့်ဝင်သည့်တန်ဖိုး (ဒေါ်လာထောင်ပေါင်း)၊ (ကျပ်ထောင်ပေါင်း)

(ကက) မတည်ငွေ

(ခ ခ) ပုံမှန်ပေးသွင်းငွေ

(ဂ ဂ) ထည့်ဝင်ငွေ

မှတ်ချက်။ အကယ်၍ လက်ရှိ ဖွဲ့စည်းဆောင်ရွက်နေသော ကုမ္ပဏီဖြစ်လျှင် အဆိုပြုခဲ့သော ကုမ္ပဏီ မတည်ရင်းနှီးမှု အခြေအနေဖော်ပြရန်

(၂) ပေးသွင်းထားသော မတည်ရင်းနှီးမှုတွင် အစုရှယ်ယာခွဲဝေမှုပုံစံ (ပမာဏကိုကျပ်ငွေဖြင့် ပြရန်) (ကျပ်ထောင်ပေါင်း) (အမေရိကန်ဒေါ်လာထောင်ပေါင်း)

(က က) နိုင်ငံခြားရှယ်ယာပိုင်ဆိုင်မှု

(ခ ခ) မြန်မာနိုင်ငံအခြေစိုက်မဟုတ်သော ကုမ္ပဏီ/ပုဂ္ဂိုလ်

- မူရင်းနိုင်ငံသို့ပြန်ပို့၍ရသော
- မူရင်းနိုင်ငံသို့ပြန်ပို့၍မရသော

(ဂ ဂ) နိုင်ငံသားပိုင်ရှယ်ယာ

(ဃ ဃ) စုစုပေါင်း ရှယ်ယာတန်ဖိုး

(င င) ပြည်ပ ကူးသန်းရောင်းဝယ်ရေးနှင့်ဆိုင်သော ချေးငှားဆောင်ရွက်ခြင်း (အသေးစိတ်ဖော်ပြရန်)

(၃) ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း (ပရောဂျက်လုပ်ငန်းအစီရင်ခံစာတွင် အသေးစိတ်ဖော်ပြရန်) (အခွန်ငွေစုစုပေါင်း)

(က က) တစ်လုံးတစ်ခဲတည်းပေးသွင်းငွေ (အကယ်၍ ပြည်တွင်းအကောက်ခွန်နယ်မြေတွင် ရောင်းဝယ်ဖြစ်ခဲ့လျှင် ပေးရန်ဖြစ်သည်)

(ခ ခ) ဒီဇိုင်းနှင့် ပုံဆွဲခ

(ဂ ဂ) နိုင်ငံခြား နည်းပညာရှင်များအား ပေးငွေ

(ဃ ဃ) ခိုင်ကြေး (ပြည်ပပို့ကုန်များအပေါ်) ရာခိုင်နှုန်း

(င င) ခိုင်ကြေး (အကယ်၍ ပြည်တွင်းအကောက်ခွန်နယ်မြေတွင် ရောင်းဝယ်ဖြစ်ခဲ့လျှင် ပေးရန်ဖြစ်သည်)

(စ စ) စာချုပ်သက်တမ်း ---------------- (နှစ်ကာလအပိုင်းအခြား)

(၄) ဈေးကွက်ပူးပေါင်းဆောင်ရွက်မှု (ပရောဂျက်လုပ်ငန်း အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြရန်)

၁၁။ အရှုံးအမြတ် ခန့်မှန်းခြေတွက်ချက်ခြင်း

(အမေရိကန်ဒေါ်လာထောင်ပေါင်း)

| | **ပထမနှစ်** | **ဒုတိယနှစ်** | **တတိယနှစ်** | **စတုတ္ထနှစ်** | **ပဉ္စမနှစ်** |
|---|---|---|---|---|---|
| အနုတ်အသိမ်း | | | | | |
| (ပို့ကုန်) | | | | | |
| (ပြည်တွင်းသုံး) | | | | | |
| ပစ္စည်းများ | | | | | |
| (သွင်းကုန်) | | | | | |
| (ပြည်တွင်းသုံး) | | | | | |
| (စုစုပေါင်းအမြတ်) | | | | | |
| စီမံခန့်ခွဲရေးစရိတ် | | | | | |
| အခွန်မကောက်မီအမြတ်ငွေ | | | | | |

၁၂။ နိုင်ငံခြားငွေ လက်ကျန်ရှင်းတမ်း

(အမေရိကန်ဒေါ်လာထောင်ပေါင်း)

| | ပထမ | ဒုတိယ | တတိယ | စတုတ္ထ | ပဉ္စမ | စုစုပေါင်း (၅) နှစ် |
|---|---|---|---|---|---|---|
| ၁။ ပထမ (၅) နှစ် အတွင်း ပြည်ပပို့ကုန် FOB တန်ဖိုး | | | | | | |
| ၂။ ပထမ (၅) နှစ် အတွင်း နိုင်ငံခြားငွေသုံးစွဲမှု | | | | | | |
| ၃။ ပထမ (၅) နှစ် အတွင်း (၁)-(၂) နိုင်ငံခြားငွေ အသားတင်ရရှိမှု | | | | | | |

* နိုင်ငံခြားငွေ အသုံးစရိတ်တွင် CIF တန်ဖိုးဖြင့် တင်သွင်းမှု စက်ကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများ၊ အစိတ်အပိုင်းများ၊ သုံးကုန်ပစ္စည်းများ၊ အပိုပစ္စည်းများ၊ ထုပ်ပိုးထားသောပစ္စည်းများနှင့် အမြတ်ဝေစု ထုတ်ပေးငွေများ၊ အမြတ်များ၊ ခိုင်ကြေး၊ နားလည်ကျွမ်းကျင်မှုအတွက် ပေးရသောငွေလုံးငွေရင်း၊ ဒီဇိုင်းနှင့် ပုံဆွဲခများ၊ နိုင်ငံခြားအတတ်ပညာရှင်များအား ပေးငွေ၊ ပြည်ပတွင် နိုင်ငံသားများ အတတ်ပညာသင်တန်း အတွက် ပေးငွေများ၊ ပို့ကုန်ဝန်ဆောင်ခ၊ ပြည်ပကူးသန်းရောင်းဝယ်ရေး ဈေးကွက်ဆောင်ရွက်ခြင်းအတွက် အတိုးပေးငွေ၊ ဆိုင်းငံ့ချေးငွေအတွက် ပေးရသောအတိုးများနှင့် အခြားသော ပေးချေမှုများလည်း ပါဝင်သည်။

၁၃။ အခြားသတင်းအချက်အလက်များ

(က) လျှောက်လွှာရှင်အား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းလိုင်စင်ထုတ်ပေးပြီးဖြစ်ပါက အဆိုပါ လိုင်စင်နှင့်ပတ်သက်၍ အချက်အလက် အပြည့်အစုံ ရည်ညွှန်းနံပါတ်၊ ထုတ်ပေးသော ရက်စွဲ၊ ထုတ်လုပ်သည့် ပစ္စည်းအမည်နှင့် စီမံကိန်းတစ်ခုစီအတွက် ဆောင်ရွက်ချက် တိုးတက်မှု တို့ကို ဖော်ပြပါ။

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ သို့မဟုတ် နိုင်ငံခြားကုန်သွယ်မှုဥပဒေ သို့မဟုတ် နိုင်ငံခြား ငွေကြေးဥပဒေ သို့မဟုတ် အကောက်ခွန်အက်ဥပဒေတို့အရ လျှောက်လွှာရှင်သည် လည်းကောင်း၊ အခြားကုမ္ပဏီတစ်ခုခု၏ အစုဝင်များ/ဒါရိုက်တာများလည်းဖြစ်သော ယခုအစုဝင်/ဒါရိုက်တာ တို့သည် လိုင်စင်/ခွင့်ပြုချက်စာလွှာတို့အရ ပိတ်ပင်ဟန့်တားရန်ရှိပါက ဖော်ပြနိုင်ပါသည်။

နေရာ -----------------------

နေ့စွဲ -------------------

ရုံးတံဆိပ်

လျှောက်ထားသူလက်မှတ် ။ -----------------------
အမည် ။ -----------------------
ရာထူး ။ -----------------------
ဖုန်း ။ -----------------------
ဖက်စ် ။ -----------------------
အီးမေးလ် ။ -----------------------
Web-site (ရှိလျှင်) ။ -----------------------
နေရပ်လိပ်စာအပြည့်အစုံ ။ -----------------------

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက် ( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၄

၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅) တွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးကို ကျောထောက်နောက်ခံပြု၍ ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) နေရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်ကျော်အား လစာနှုန်းတူရာထူးဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၁၄

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၁) ၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ခန့်ထားခဲ့သော ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်အား ပညာရေးဝန်ကြီးဌာနသို့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်သူ့လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၁၄)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ အောက်ဖော်ပြပါ အရာထမ်း (၇) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးတင်အောင်ဆွေ | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| ၂။ | ဦးခင်မောင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| ၃။ | ဒေါ်နန့်အေးအေးကြည် | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| ၄။ | ဦးအောင်ဝင်းထွန်း | ညွှန်ကြားရေးမှူး |
| ၅။ | ဦးဇော်ဇော်ထိုက် | ညွှန်ကြားရေးမှူး |
| ၆။ | ဦးမျိုးဝင်း | ညွှန်ကြားရေးမှူး |
| ၇။ | ဦးမျိုးဇော်ဝင်း | ညွှန်ကြားရေးမှူး |

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

အမှတ် ၄၃၀ ။ ။ စက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့၌ကျင်းပသော စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၄-၂၀၁၅) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးနှင့်စားသောက်ကုန် လုပ်ငန်း (ရုံးချုပ်) အုပ်ချုပ်ရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း၊ ဌာနခွဲမှူး ဒေါ်ခင်မမ (၄၁၃၄၇၇) အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့နံနက်ပိုင်းမှစ၍ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေများ အပိုဒ် (၄၆၅) အရ နှစ်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၄၃၁ ။ ။ စက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့၌ကျင်းပသော စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၄-၂၀၁၅) ၏ ဆုံးဖြတ်ချက်အရ ဆေးဝါးနှင့်စားသောက်ကုန် လုပ်ငန်း၊ ဆပ်ပြာစက်ရုံ (မန္တလေး) ကြီးကြပ်မှုအောက်ရှိ ဆပ်ပြာစက်ရုံခွဲ (ရမည်းသင်း) တွင် တာဝန်ထမ်းဆောင် နေသော လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) တန်း၊ လက်ထောက်မန်နေဂျာ၊ ဒေါ်မြသန်း (၄၀၄၁၉၁) အား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့နံနက်ပိုင်းမှ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းအထိ အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့်အဖြစ် ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ခင်မောင်တင့်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက် ( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၄</u>

### "တော်ဝင်နန်း ကုမ္ပဏီလီမိတက်"

**''Taw Win Nan Company Limited''**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **"တော်ဝင်နန်း ကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၃-၁၁-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၃-၁၂-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်နန်းခင်သီတာမြင့် | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A) |
| တော်ဝင်နန်း ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၁-၅၀၇၁၁၇ |

## "အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်အဖွဲ့ထုတ်လုပ်မှုကုမ္ပဏီလီမိတက်"

## ''International Group of Entrepreneur Manufacturing Company Limited"

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **"အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်အဖွဲ့ထုတ်လုပ်မှုကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၄-၁၁-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၄-၁၂-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဝင်းကြိုင်
မန်နေးဂျင်းဒါရိုက်တာ
အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်အဖွဲ့ထုတ်လုပ်မှု
ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၅၀၇၁၁၇

## (အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းဆဲကုမ္ပဏီ)
## ကြော်ငြာမည့်စာသား

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (ခ) အရ

## B-Link Services Company Limited

ဖျက်သိမ်းရန်ကြေညာချက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ "ဘီ-လင့်ဆားဗစ် (စ်) ကုမ္ပဏီလီမိတက်" (B-Link Services Company Limited) အား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ရင်ကြည် (B.Com, C.P.A, Certified Public Accountant) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

၃။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးမမ
မန်နေးဂျင်းဒါရိုက်တာ
ဘီ-လင့်ဆားဗစ် (စ်) ကုမ္ပဏီလီမိတက်

ဒေါ်ရင်ကြည်
(B.Com, C.P.A)
(Certified Public Accountant)

## စိုးသစ္စာ စက်မှု ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်
## SOE THITSAR INDUSTRY & MANUFACTURING CO.,LTD.
## အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **စိုးသစ္စာ စက်မှု ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် (SOE THITSAR INDUSTRY & MANUFACTURING CO.,LTD.)** အား (၁၀-၁၁-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးခင်စိုး
Managing Director
Soe Thitsar Industry & Manufacturing Co.,Ltd

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## NOTICE Under Section 206 (1) Myanmar Companies Act.
## SPRING INTERNATIONAL SERVICES COMPANY LIMITED.
## ( Members Voluntary Winding - Up )

Notice is hereby given that in accordance with the Special Resolutions of members meeting held 10th November, 2014 at No. Room. 904, 9th Floor, Building No. 72, Uwisara Road, Kamayut Township, Yangon, Myanmar it was resolved as required by section 203 (2) Myanmar Company Act that -

1. SPRING INTERNATIONAL SERVICES COMPANY LIMITED be would up voluntarily with effect from 10th November, 2014.
2. U Ye Noos (Supreme Court Advocate) YE NOOS & ASSOCIATES (Law Firm) has been appointed Liquidator and Mr.Ahmet Ozkaya (Director) of the company also has been appointed Co-Liquidator with effect from 10th November, 2014.

CO-LIQUIDATOR
MR. AHMET OZKAYA
(Director)
SPRING INTERNATIONAL CO.,LTD.
Room. No 904, 9th Floor, Building No. 72,
Uwisara Road, Kamayut Township, Yangon.

LIQUIDATOR
U YE NOOS (LL.B)
Supreme Court Advocate
YE NOOS & ASSOCIATES (Law Firm)
176, (First Floor), Botataung Pagoda Road,
Pazundaung Township, Yangon.

## **"ဓနသီဟ ဟိုတယ်ကုမ္ပဏီလီမိတက်"**
## **"Dana Thiha Hotel Company Limited"**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **"ဓနသီဟ ဟိုတယ်ကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၆-၁-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၆-၁၂-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမျိုးသိန်း
မန်နေးဂျင်းဒါရိုက်တာ
ဓနသီဟ ဟိုတယ်ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၅၀၇၁၁၇

## **"ဓနသီဟ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်"**
## **"Dana Thiha Services Company Limited"**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **"ဓနသီဟ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်"** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၇-၁၁-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၇-၁၂-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမျိုးသိန်း
မန်နေးဂျင်းဒါရိုက်တာ
ဓနသီဟ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးစိန်ကျော်ဝင်း
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၅၀၇၁၁၇

## "မန္တလေးရုပ်သေး ကုမ္ပဏီလီမိတက်"
## (အစုရှင်များ ဆန္ဒအရဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ ( င) အရ အပြီးသတ်
နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၉-၁၂-၂၀၁၄) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် [အမှတ်-၈၀၂၊ ၆၆-လမ်း၊ (၂၆×၂၇) လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။] ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

| | |
|---|---|
| Daw Ma Ma Naing | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Mandalay Marionettes Co.,Ltd. | "မန္တလေးရုပ်သေး ကုမ္ပဏီလီမိတက်" |

## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ
## အက်(စ်)ဂျီအီး မြန်မာကုမ္ပဏီလီမိတက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extra Ordinary Resolution) အရ **"အက်(စ်)ဂျီအီး မြန်မာကုမ္ပဏီလီမိတက်" (SGE MYANMAR COMPANY LIMITED.)** ကို (၁၇-၁၁-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် (၁) ဦးမင်းလွင်ထူး အထက်တန်းရှေ့နေ (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Myint Maw | ဦးမင်းလွင်ထူး |
| Managing Director | အထက်တန်းရှေ့နေ (၂၁၂၉၆) |
| SGE Myanmar Co.,Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

# ခြင်္သေ့နဂါးဂဠုန် အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်

**LION DRAGON ROC INTERNATIONAL COMPANY LIMITED.** အား

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၉-၁၂-၂၀၁၄ |
| ကျင်းပမည့်အချိန် | - | နံနက် (၉း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | တိုက်အမှတ် (၃၃၂)၊ အခန်းအမှတ် (၂)၊ (၅) ရပ်ကွက်၊ ရန်ကင်းအနောက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာ ရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဦးမင်းလွင်ထူး

(LL.B)

အထက်တန်းရှေ့နေ (စဥ်-၂၁၂၉၆)

အမှတ် (၈၃-ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၈၆/၂၁-၁၁-၂၀၁၄။